# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလျှုဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလျှုဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက်၊ သောကြာနေ့ အတွဲ (၆၁)၊ အမှတ် (ဝ၅ဝ)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။

# နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ထွန်းညှိပူဇော်

နေပြည်တော် နိုဝင်ဘာ ၁၈

တန်ဆောင်မုန်းလသည် မြန်မာ့ ၁၂ လရာသီတွင် ရှစ်လမြောက်လဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော်ခေါ် ရဟန်းပြုရအကျိုးပြတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ်ဖြစ်သည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ကြပြီး နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကျင်းပပြုလုပ်ရာ

*စာမျက်နှာ ၃ ကော်လံ ၁* ❖


**ယနေ့ ဖတ်စရာ**

**အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့** — ဆောင်းပါး၊ စာ - ၆

**ဗြိတိသျှ အက်ဖ်-၃၅ တိုက်လေယာဉ်တစ်စင်း မြေထဲပင်လယ်ထဲသို့ ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးလွတ်မြောက်** — နိုင်ငံတကာသတင်း၊ စာ - ၁၃

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ဝေန်မြစ်အတွင်းသို့ ဖောင်မျှောပူဇော်** — ပြည်တွင်းသတင်း၊ စာ - ၁၈

မြန်မာ့အလင်း

## ဘိုးဘေးတို့၏ အမျိုးသားရေးအမွေ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် ဝံသာနုရက္ခိတ၊ အမျိုးဘာသာသာသနာစသည်ဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ခြင်းက အဦးအစဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး၊ မြန်မာအမျိုးသားတစ်ရပ်လုံး တိုင်းတစ်ပါးသားတို့၏လက်အောက် ကျရောက်နေပြီး ဖိနှိပ်ခံ၊ အနှိမ်ခံလူမျိုးများအဖြစ် နေထိုင်ခဲ့ရသည့် လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်ကာလက မိမိတို့ဘိုးဘေးများ၏ ခံစားချက်များကို မျက်မှောက်ခေတ်မျိုးဆက်တို့ သိမြင်ပြီး နားလည်ခံစားနိုင်ရန် လိုအပ်သည်။ နယ်ချဲ့ဗြိတိသျှတို့သည် အုပ်စိုးခံ မြန်မာတို့ကို လူလူချင်းအတူတူ၊ တန်းတူရည်တူဟူ၍ သဘောမထားခဲ့သည့်အပြင် အောက်တန်းကျသည့်လူမျိုးများ၊ မယဉ်ကျေးသူများ၊ ပျင်းရိသူများ၊ ဖျင်းအသူများအဖြစ်သာ မြင်ကြသည်။

ကိုလိုနီနယ်ချဲ့တို့ တန်ခိုးထွားစဉ်ကာလတွင် မြန်မာများစီးနင်းခွင့်မရှိသည့် ရထားတွဲများရှိခဲ့သလို ပဲခူးကလပ်ကဲ့သို့သောကလပ်မျိုးတွင် ဝင်ရောက်ခွင့်မရှိ။ မြန်မာအမျိုးသမီး၊ မြန်မာသွေးပါသည့် ကပြားအမျိုးသမီးများနှင့် လက်ထပ်ထားသည့် အင်္ဂလိပ်အမျိုးသားတချို့ကို အင်္ဂလိပ်အသိုင်းအဝိုင်းက ဝိုင်းပယ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ကို စတင်ဖွဲ့စည်းရာတွင် ပါဝင်ခဲ့သည့် ဘကြီးဘဖေ ဟိုက်စကူးကျောင်းသားဘဝကလမ်းဖြတ်ကူးစဉ် ရန်ကုန်ပုလိပ်မင်းကြီး မက္ကဒေါ်နယ် စီးနင်းလာသည့် စက်ဘီးရှေ့ ကိုက် ၃၀၀ ခန့်မှ ဖြတ်ကူးခဲ့သည့်အတွက် ဒဏ်ငွေပေးဆောင်ခဲ့ရသည်။ စိတ်ထဲ၌ မခံမရပ်နိုင်အောင် ခံစားခဲ့ရခြင်းက နောင်တွင် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဖွဲ့စည်းရန် အင်အားဖြစ်လာခဲ့သည်။

မြန်မာလူမျိုး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့် အသက် ၂၀ ကျော်အရွယ်ခန့်က ရန်ကုန်မှ ပန်းတနော်သို့ ပြန်ရန်အတွက် ကားဂိတ်ခုံတန်းတစ်ခု၌ ထိုင်နေစဉ် သက်ကြီးရွယ်အို အင်္ဂလိပ်တစ်ဦးက လမ်းလျှောက်တုတ်ဖြင့် ပခုံးကိုပုတ်ကာ (ခွေးမောင်းသကဲ့သို့) ဖယ်ရှားခဲ့ပုံကို အမှတ်ရစိတ်စွဲခဲ့သကဲ့သို့ပင်၊ ကိန်းဘရစ်ဂျ်တက္ကသိုလ်ဘွဲ့ရ အဆင့်မြင့်ပြည်သူ့ဝန်ထမ်း ဦးတင်ထွတ်သည် ဂျင်မ်ခါနာကလပ်၏ ရပ်ဂ်ဘီကစားပွဲအတွက် အသင်းသားတစ်ဦးအဖြစ် ထူးထူးချွန်ချွန် ဝင်ရောက်ကစားပေးခဲ့သော်လည်း ကစားပွဲအပြီးတွင် အင်္ဂလိပ်တို့နှင့်အတူ ရေချိုးခွင့်မရခဲ့။ မြန်မာနိုင်ငံ၏ ဒုတိယမြောက်သမ္မတ ဦးဘဦး တက္ကသိုလ်ကျောင်းသားဘဝ အင်္ဂလန်သို့ ကျောင်းတက်ရန် သွားရောက်စဉ် ၎င်းတို့ မြန်မာကျောင်းသားတစ်သိုက်ကို သင်္ဘောမှ လူဖြူအလုပ်သမားများက ဝန်ဆောင်မှုမပေးဘဲ အိန္ဒိယလူမျိုးသင်္ဘောသားကို ဝန်ဆောင်မှုပေးစေခဲ့သည်။ ဝတ်စုံချုပ်သူ ဥရောပသားအပ်ချုပ်သမားကပင်လျှင် ဦးဘဦးတို့ မြန်မာတက္ကသိုလ်ကျောင်းသားများကို စေတနာထား၍ ချုပ်လုပ်မပေးခဲ့။ တက္ကသိုလ်တက်ရောက်နေစဉ်ကာလတွင်လည်း မျက်နှာဖြူကျောင်းသားများ၏ နှိမ့်ချစော်ကားမှု မြောက်မြားစွာကို ကြုံတွေ့ကြရသည်။

အထက်တွင်ဖော်ပြခဲ့သည့် ပုဂ္ဂိုလ်များမှာ ကိုလိုနီခေတ်တွင် ရှင်သန်နေထိုင်ခဲ့ကြပြီး မြန်မာ့သမိုင်းတွင် ထင်ရှားသည့် ပုဂ္ဂိုလ်ကြီးများ၏ ငယ်ဘဝအတွေ့အကြုံများဖြစ်ပြီး မှတ်တမ်းများအဖြစ် ကျန်ရှိခြင်းကြောင့် နောင်းလူတို့ သိခွင့်ရခဲ့ခြင်းဖြစ်သည်။ နယ်ချဲ့အုပ်စိုးသူတို့၏ မြန်မာလူမျိုးတို့အပေါ် စော်ကားဖိနှိပ်မှု၊ လူမျိုးရေးခွဲခြားမှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများက ဉာဏ်ပညာဗဟုသုတပြည့်စုံသည့် မြန်မာလူငယ်တို့ကို နာကြည်းခံစားမှုများပေါ်ထွက်စေခဲ့ပြီး အမျိုးသားရေးဝါဒကို ဖော်ထုတ်စွဲကိုင်ခဲ့ကာ နယ်ချဲ့အစိုးရကို ဆန့်ကျင်တော်လှန်စေခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ်ကိုမြှင့်တင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရယူကာ လွတ်လပ်ရေးတိုက်ပွဲများကို တစ်ဆင့်ပြီးတစ်ဆင့် တိုက်ပွဲဝင်ခဲ့ပြီး နိုင်ငံနှင့်လူမျိုးတို့ကို ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းသည့် လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ရောက်ရှိစေခဲ့ပါကြောင်း။ ။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး။

★ ပြည်ထောင်စုတစ်ဝန်းလုံး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာအဆင့် မြှင့်တင်ဆောင်ရွက်ရေး။

★ မျိုးချစ်စိတ်ဓာတ်ကို အရင်းခံသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန် ထက်မြက်ရေး။

★ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းစွာဖြင့် တိုင်းရင်းသားပေါင်းစုံ အတူတကွ ယှဉ်တွဲနေထိုင်ရေး။

## ၂၀၂၁ ခုနှစ်၊ (၁၀၁) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စို့။

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၂၈-၁၁-၂၀၂၁)

## သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မော်ဒယ်သရုပ်ဆောင်များနှင့်အတူ လူ့ရှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် နိုဝင်ဘာ ၁၈

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၄၁) ကို နိုဝင်ဘာ ၁၉ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်ဖြစ်သည်။




အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို မော်ဒယ်သရုပ်ဆောင် စိုးသီဟနှင့် ဂျေနေဘတို့က တင်ဆက်ကြမည်ဖြစ်ပြီး လူ့ရှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယှဉ်ပြိုင်ပွဲများကို နိုဝင်ဘာ (၁၉၊ ၂၀၊ ၂၁) ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့ ရွှေဘုန်းပွင့်စေတီတော်တွင် ဆီမီးများ ထွန်းညှိပူဇော်စဉ်။

❖ *ရှမ်းဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက တက်ရောက်မီးထွန်းညှိ ပူဇော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲအား နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ တက်ရောက်လာကြသူများက ရွှေဘုန်းပွင့်စေတီတော်တွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ထွန်းညှိပူဇော်ကြပြီး စေတီတော်ရင်ပြင်တော်တွင် ဆီမီးတစ်ထောင်ထွန်းညှိ ပူဇော်ကြသည်။ ထို့နောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းအား ဖတ်ကြား၍ အမျှပေးဝေသည်။

**ဆီမီးတစ်ထောင်ထွန်းညှိပူဇော်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ တက်ရောက်လာကြသူများက ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲအား ဗုဒ္ဓဿာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား ရုပ်သိမ်းခဲ့သည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြုလုပ်ခဲ့သည်။ မီးထွန်းပွဲတော်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံး အေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရွှေဘုန်းပွင့်စေတီတော်တွင် ဆီမီးများ ထွန်းညှိပူဇော်စဉ်။

# ကိုယ်ပိုင်လုပ်ငန်းများ စွန့်ဦးတီထွင် လုပ်ကိုင်လိုပါက ရေလုပ်ငန်း မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ရေး အားပေးကူညီ

**နေပြည်တော် နိုဝင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ ဗစ်တိုးရီးယား ဟိုတယ်ခန်းမ၌ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိလယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

**အားပေးကူညီလျက်ရှိ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရေထွက်ပစ္စည်းများ၏ ပြည်ပပို့ကုန် ၃၀ ရာခိုင်နှုန်းကို တနင်္သာရီတိုင်းဒေသကြီး ရေလုပ်ငန်းကဏ္ဍက ဖြည့်ဆည်းပေးလျက်ရှိရာ ယင်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် ဘက်စုံထောင့်စုံမှ ကြိုးပမ်းလျက်ရှိကြောင်း၊ ဒေသနေပြည်သူများအနေဖြင့် လုပ်ခလစာရရှိသော လုပ်ငန်းများတွင် အခစားများအဖြစ် လုပ်ကိုင်နေမှုသာမက ကိုယ်ပိုင်လုပ်ငန်းများ စွန့်ဦးတီထွင် လုပ်ကိုင်လိုပါက ရေလုပ်ငန်း မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေး လုပ်ငန်းများ ထူထောင် လုပ်ကိုင်နိုင်ရေးမှာ အဓိကကျသဖြင့် မိမိတို့ဝန်ကြီးဌာနက အားပေးကူညီလျက် ရှိပါကြောင်း။

**ပြုစုပျိုးထောင်ပေး**

အလားတူ သီးနှံ၊ သား၊ ငါး ကုန်ကြမ်းများကို အခြေခံသည့် ကုန်ချောထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေး၊ အဆိုပါလုပ်ငန်းများကို တည်ထောင်ပေးခြင်းဖြင့် ပြည်ပထွက်ခွာ လုပ်ကိုင်ဆောင်ရွက်နေမှုများကို လျှော့ချပြီး မိမိဒေသမှာပင် အခြေချလုပ်ကိုင်နိုင်ရေးကိုရည်မှန်း၍ ဝန်ကြီးဌာနအောက်ရှိ တာဝန်ရှိသူများအနေဖြင့်ကျရာ အခန်းကဏ္ဍများက စီမံဖြည့်ဆည်း ပေးကြစေလိုကြောင်း၊ နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်၊ ဦးတည်ချက်၊ မျှော်မှန်းချက်များ အောင်မြင်ရေးအတွက် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုသည် အရေးပါကြောင်း၊ ဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ အရည်အသွေးနှင့် တွေးခေါ် သုံးသပ်နိုင်စွမ်းများ တိုးတက်စေရေး၊ သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်မှု မြင့်မားလာစေရန်အတွက် အပြင် နည်းပညာများကို လိုအပ်သူများထံ လွှဲပြောင်းပေးရာတွင် ဒစ်ဂျစ်တယ် နည်းပညာများကို အသုံးချပြီး စဉ်ဆက်မပြတ် လေ့လာနိုင်ရေးကို တာဝန်ရှိသူ အဆင့်ဆင့်တို့က အလေးထား ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တိုင်းဒေသကြီး တာဝန်ခံများက လုပ်ငန်းကဏ္ဍများ အလိုက် တင်ပြဆွေးနွေးကြသည်။

**ဆွေးနွေးမှာကြား**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်း၏ အဓိကလိုအပ်ချက် တစ်ခုဖြစ်သည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ ဖူလုံစွာသုံးစွဲနိုင်ရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးအစားများ မှန်ကန်ထိရောက်စွာ အသုံးပြုနိုင်ရေး၊ ဆီအုန်းသီးနှံ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ဆီသီးခိုင် အရည်အသွေးမြင့်မားရေးနှင့် လေလွင့်မှု လျှော့ချနိုင်ရေး အတွက် အကောင်းဆုံး ဆီသီးခိုင်ခူးချိန်ကို လေ့လာဆန်းစစ် ဖော်ထုတ်ပေးရန်၊ လူတိုင်း အခြေခံစားသုံးသည့် ဟင်းသီးဟင်းရွက်ကို လတ်ဆတ်ဖူလုံစွာ စိုက်ပျိုးစားသုံးနိုင်ရေး အတွက် ဒေသဟင်းသီးဟင်းရွက်မျိုးများနှင့် ခေတ်မီနည်းစနစ်များ ဖြန့်ဖြူးပေးရန်၊ အခြေအနေပေးသည့် နေရာဒေသများတွင် မိသားစုစိုက်ခင်းများ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လက်တွေ့ဆန်ပြီး အမှန်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို လိုအပ်နေသူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရေး၊ ရေလုပ်သားများ ဘေးကင်းလုံခြုံရေးနှင့် ရေရှည်အသက်မွေးဝမ်းကျောင်းအတွက် လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ပေးသော သင်တန်းများ ဆောင်ရွက် ပေးရန်စသည့် လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အများပြည်သူ ကောင်းမှုကုသိုလ်အတွက် ရွှေတိဂုံစေတီတော် ပတ်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ် လှူဒါန်းကြသည်။

အလားတူ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ တန်ဆောင်မုန်းလပြည့် (သာမညဖလ အခါတော်နေ့) သာမညဖလသုတ်ပါဠိတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ အောင်မြေ၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များက စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ထိခြင်းငါးပါးဖြင့် ရှစ်ခိုးပူဇော်ကန်တော့ခြင်း၊ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ သာမညဖလဒေသက ဗုဒ္ဓဝန္ဒနာဘုရားရှစ်ခိုး ဂါထာတော်ကို ရွတ်ဖတ်ပူဇော်ခြင်း၊ မြတ်စွာဘုရားအား ဩကာသကန်တော့ချိုးဖြင့် ညီညာစွာကန်တော့၍ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ခံယူဆောက်တည်ကြခြင်း၊ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ အကြောင်း သိမှတ်ဖွယ်ရာများကို ဖတ်ကြားပူဇော်ခြင်း၊ သံဃာ့ ကျေးဇူးအထူးသိဖွယ်ကဗျာကို ရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း စသည်တို့ကို ဆောင်ရွက်ကြသည်။

ထို့အပြင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) ကို ယနေ့နံနက် ၇ နာရီခွဲတွင်စေတီတော်ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ အဂ္ဂဓမ္မထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် ဆရာတော် သံဃာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဓမ္မထံမှ အနုမောဒနာတရားတော်များ နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက စေတီတော်ဂန္ဓကုဋီတိုက်အတွင်းရှိ ရုပ်ပွားတော်များအား သင်္ကန်းတော်များ ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။



တန်ဆောင်မုန်းလပြည့်နေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အများပြည်သူ ကောင်းမှုကုသိုလ်အတွက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပတ်ပတ်လည်ရှိ ရင်ပြင်၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ် လှူဒါန်းကြသည်။

ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ၏ (၂၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဗုဒ္ဓအဘိသေက အနေကဇာတင် အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် စွယ်တော် မြတ်စေတီတော် အတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ အဂ္ဂဓမ္မနှင့် ဩဝါဒါစရိယဆရာတော်ကြီးများက စွယ်တော်မြတ်စေတီတော်အား ဗုဒ္ဓအဘိသေက အနေကဇာတင် ပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များက ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ၏ ဂန္ဓကုဋီတိုက်အတွင်း သီတင်းသုံးတော်မူသော မုဒြာကိုးဆူတို့အား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အများပြည်သူ ကောင်းမှုကုသိုလ်အတွက် ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ပတ်ပတ်လည်ရှိ ရင်ပြင်၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။



ဆုတောင်းပြည့် မယ်လမုစေတီတော်၌ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) တွင် ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

ဆုတောင်းပြည့် မယ်လမုစေတီတော်၏ တန်ဆောင်မုန်းလပြည်နေ့ (သာမညဖလ အခါတော်နေ့) တွင် ပဋ္ဌာန်း (၅) ကျမ်း ရွတ်ဆိုပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း၌ စေတီတော်အတွင်းရှိ ဓမ္မာရုံ၌ ကျင်းပရာ ဆုတောင်းပြည့် မယ်လမုစေတီတော် အဘိဓမ္မာပြန့်ပွားအသင်းကြီး နည်းပြ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများက ပဋ္ဌာန်း (၅) ကျမ်းကို ရွတ်ဖတ်ပူဇော်ကြသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အများပြည်သူ ကောင်းမှုကုသိုလ်အတွက် ဆုတောင်းပြည့် မယ်လမုစေတီတော် ပတ်ပတ်လည်ရှိ ရင်ပြင်၌ ဆီမီးများ ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။

လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်တွင် အဆိုပါ ရုပ်ပွားတော်မြတ်ကြီး၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ဆက်ကပ် ပူဇော်ကြသည်။

ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ယနေ့ ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ပရဟိတ လူမှုကူညီရေးအသင်းများနှင့် ဘာသာရေးအသင်းအဖွဲ့များက စေတီတော်ရင်ပြင် ပတ်ပတ်လည်၌ ဆီမီးများ ထွန်းညှိပူဇော်ကြသည်။

အလားတူ တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်၍ ဆုတောင်းကြခြင်း၊ မြို့နယ် ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုး၊ အဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်များထွန်းညှိပူဇော် ကြခြင်းများ ပြုလုပ်ကြသည်။

သတင်း-ကိုကိုဇော်၊ ကျော်ကျော်
ဓာတ်ပုံ-လတ်လတ်(MNA)



တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) တွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၌ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့) တွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

တန်ဆောင်မုန်းလသည် မြန်မာ့ ၁၂ လရာသီတွင် ရှစ်လမြောက်လဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား သာမညဖလ သုတ်တော်ခေါ် ရဟန်းပြုရအကျိုးပြတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ်ဖြစ်သည်။

### သူတော်ကောင်းတရား ကြိုးစားအားထုတ်

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ် သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ကုသိုလ်ဒါနသီလ ပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစား အားထုတ်ဆောင်ရွက်ကြလေ့ရှိသည်။

### ဆွမ်းဆက်ကပ်လှူဒါန်း

ယနေ့ ကျရောက်သည့် ၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ဗုဒ္ဓဂယာ (နေပြည်တော်)၊ မဟာသကျရံသီရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ ဓာတုစယ ဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်၊ သံသရာငြိမ်းအေး စေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ် စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင် စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်း၊ ကန်ဇရပ်များသို့ ဘာသာရေးဝတ်အသင်း အဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများမှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၃) ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၃) ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါ စေတီတော်လိုဏ်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးမင်းထိန်နှင့် တာဝန်ရှိသူများက စေတီတော် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်များနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား တန်ဆောင်တိုင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ပြီး ရုပ်ပွားတော်များအား မြသပိတ်တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

### ကိုးပါးသီလ ခံယူဆောက်တည်

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားတော်မူသည့် မေတ္တာသုတ်ပရိတ်တော်နှင့် ဘုရားဂုဏ်တော်များကို နာယူကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကြ၍ လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့ပြင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၌ ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

### အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကား

အလားတူ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် ဘုံကထိန်များ လှည့်လည်ခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များ ကျင်းပခြင်း၊ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများနှင့် မင်္ဂလာကန်တော်တွင် အပန်းဖြေလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စေတီတော်ရင်ပြင်တွင် ဘုရားရှင်အား ရည်မှန်း၍ ဆီမီး (၉၀၀၀) ပူဇော်ကြရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

### ဆီမီးနှင့် မီးရောင်စုံထွန်းညှိပူဇော်

ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မဲဇလီဖူးသုပ် ဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ ဖြန့်ဝေခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေး ဆောင်ရွက်ပေးလျက်သည်။

**သတင်း-ဟိန်းဂျိုင်း၊ ဓာတ်ပုံ-ကိုကိုအေး**



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စေတီတော်ရင်ပြင်တွင် ပြည်သူများက ဆီမီး (၉၀၀၀) ပူဇော်ကြစဉ်။

# အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

*လင်းလက်*

မြန်မာနိုင်ငံတွင်အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို၇-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ကို ၂၅-၂-၂၀၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်မှာသက်တမ်းကာလ ခုနစ်နှစ်ကျော်ပင် ရှိခဲ့ပြီဖြစ်သည်။ ယခုအခါ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တားဆီးကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ပြည်သူသို့ အသိပညာပေးခြင်းစသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်သည် အဂတိလိုက်စားမှုများကြောင့် ဆုံးရှုံးမှုများမဖြစ်မီ ကြိုတင်ကာကွယ်သည့် လုပ်ငန်းစဉ်ဖြစ်သဖြင့် အဂတိလိုက်စားမှုများကြောင့် အစိုးရဌာန အဖွဲ့အစည်းများ၏ ပုံရိပ်ကျဆင်းမှုနှင့် ပြည်သူလူထု၏ ယုံကြည်မှု လျော့နည်းကျဆင်းလာစေမှုတို့ကို အချိန်မီဟန့်တားနိုင်မည့် လုပ်ငန်းစဉ်ဖြစ်ပြီး ဥပဒေအရ အရေးယူအပြစ်ပေးမှုများကို လျော့နည်းစေမည် ဖြစ်သည်။

> ❑ **အဂတိလိုက်စားမှုသည် ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေရုံသာမက အစိုးရဌာနများအပေါ် အများပြည်သူ၏ ယုံကြည်မှုကို ပျက်ယွင်းစေသဖြင့် ဌာနများအလိုက် ပြုပြင်ရန် လိုအပ်နေသည့် အားနည်းချက်များကို အချိန်မီပြုပြင်နိုင်ရန်၊ အသေးစားအဂတိလိုက်စားမှုများကို လျှော့ချနိုင်ရန်၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်း (Corruption Risk Assessment –CRA) လုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန်တို့ကို ရည်ရွယ်၍ PFP စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်**

**အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်း**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၆ (ဋ) တွင် "အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ လုပ်ပိုင်ခွင့်အာဏာရှိသူများ၏ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်ကို ပိုမိုမြှင့်တင်ရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးတို့တွင် ပြည်သူအများပါဝင်နိုင်ရေးအတွက် သင့်လျော်သောအစီအမံများ ချမှတ်၍ ဆောင်ရွက်ခြင်း"ဟု ပြဋ္ဌာန်းထားသည်။ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ထိရောက်ခိုင်မာသော အခြေခံကောင်းများ တည်ဆောက်နိုင်ရေးအတွက် ပြည်သူလူထုတစ်ဦးချင်း ကြုံတွေ့လျက်ရှိသော အသေးစားအဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းစေရန် စီမံဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ လိုအပ်ချက်များနှင့်အညီ အစိုးရဌာနအဖွဲ့အစည်းများက လုပ်ဆောင်ပေးနေသော ဝန်ဆောင်မှုများကို ပိုမိုပြည့်စုံ ကောင်းမွန်စေရန်ရည်ရွယ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များကို ၂၀၁၉ ခုနှစ် မတ်လတွင် ရှေ့ပြေးစီမံကိန်းအဖြစ် ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၄ ခုကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ယခုအခါ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်း ၃၇ ခုတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းထားပြီးဖြစ်သည်။

၁၉-၁-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များအတွက် မူဝါဒပိုင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် CPU များ၏ လုပ်ငန်းတာဝန် သုံးရပ်ကို ချမှတ်နိုင်ခဲ့သည်။ လုပ်ငန်းတာဝန်များမှာ (က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် အဂတိလိုက်စားမှု ပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊ (ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် (ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်တို့ဖြစ်သည်။ ထို့ပြင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် CPU များအတွက် နည်းပညာဆိုင်ရာ သင်တန်းအမှတ်စဉ် (၂/၂၀၁၉)တွင် အောက်ဖော်ပြပါ လုပ်ငန်းအစီအစဉ် ၆ ရပ်ကို ချမှတ်နိုင်ခဲ့သည် -

(က) ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ အသီးအသီးအတွက် လုပ်ငန်းလမ်းညွှန်များကို ရေးဆွဲထားရှိရန်၊

(ခ) ပြည်ထောင်စုဝန်ကြီးများ၊ အကြီးအကဲများ၏ ခွင့်ပြုချက်ရယူလျက် ဦးစီးဌာန/လုပ်ငန်းဌာနများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အချက်များပါဝင်သော တည်မြဲလုပ်ထုံးလုပ်နည်းများ (Standing Operating Procedures_ SOP) ကို သက်ဆိုင်ရာ ဌာနများက ရေးဆွဲရေးနှင့် အများပြည်သူသိသင့်သည်များကို လက်အောက်ရုံး/ ဌာနခွဲ / ဌာနစိတ်တို့တွင် ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ထင်ရှားစွာ ရေးသားချိတ်ဆွဲပြသထားရန်၊ ဝက်ဘ်ဆိုက်များတွင်လည်း ထည့်သွင်းအသိပေးကြေညာရန်၊

(ဂ) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်းကို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များက တာဝန်ယူဆောင်ရွက်ပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီး၊ အကြီးအကဲများထံ တင်ပြသွားရန်၊

(ဃ) စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး လာဘ်ပေးလာဘ်ယူနှင့် အဂတိလိုက်စားမှု ဖြစ်နိုင်ခြေရှိမှုမှ ကာကွယ်ရန်အတွက် အစိုးရဌာနများနှင့် ဆက်စပ်လုပ်ကိုင်သော စီးပွားရေးလုပ်ငန်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ ရေးဆွဲထားခြင်း ရှိ/မရှိ စိစစ်ရန်နှင့် ကျင့်ဝတ်ရေးသားလိုက်နာခြင်းမရှိသော စီးပွားရေးလုပ်ငန်းများနှင့် ဝယ်ယူရေး၊ ရောင်းချရေး၊ တည်ဆောက်ရေးကိစ္စများ၌ လက်ခံဆောင်ရွက်ခြင်း မပြုရန်၊

(င) တစ်ဖက်နှင့်အခြားတစ်ဖက် အခက်အခဲများ ဖြေရှင်းရန်နှင့် အထင်အမြင်လွဲမှားမှုမရှိစေရန် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများအကြား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဖိုရမ်များ၊ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များက ညှိနှိုင်းစီစဉ်ရန်၊

(စ) ပြည်ထောင်စုဝန်ကြီးများ၏ လမ်းညွှန်မှုကိုခံယူလျက် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) များသည် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူတစ်ဦးချင်းထံသို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme _ PFP) နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှ တစ်ဆင့် ဆက်သွယ်ပြီး အသေးစားအဂတိလိုက်စားမှုများကို မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုသွားရန်။

**ပြည်သူထံမှ တုံ့ပြန်မှုရယူ**

လုပ်ငန်းတာဝန်ပါ **"အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်"** ဆိုသည့်အချက်နှင့် လုပ်ငန်းအစီအစဉ် ၆ ပါ **"CPU များ အနေဖြင့် အောက်ခြေရုံးဌာနခွဲများတွင် ဝန်ဆောင်မှုရယူကြသော ပြည်သူတစ်ဦးချင်းထံသို့ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို (Public Feedback Programme _ PFP) နည်းပညာအသုံးပြု၍ တယ်လီဖုန်းမှ တစ်ဆင့် ဆက်သွယ်ပြီး အသေးစားအဂတိလိုက်စားမှုများကို မဖြစ်စေရန် တားဆီးကာကွယ်ရေးစနစ်ကို ထိရောက်စွာ အသုံးပြုသွားရန်"** ဆိုသည့် အချက်တို့နှင့်အညီ ကော်မရှင်မှ ဦးဆောင်ကာ ကမ္ဘာ့ဘဏ်၏ နည်းပညာ အကူအညီဖြင့် ICT နည်းပညာအခြေပြု အများပြည်သူများထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် (ICT-based Proactive Beneficiary/Citizen Engagement) (PBE) ယန္တရားကို အသုံးပြု၍ ပြည်သူများ၏ တယ်လီဖုန်းများသို့ SMS ပေးပို့၍ ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် မေးခွန်းများမေးမြန်းပြီး တုံ့ပြန်မှုရယူခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်း ၁၀ ခုရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်စမ်းသပ်အသုံးပြုခဲ့သည်။

CPU Toolkit လုပ်ငန်းစဉ်သည် အစိုးရဌာန/အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များအပေါ် ပြည်သူလူထု၏ တုံ့ပြန်မှုသဘောထားများကို ရယူခြင်းဖြစ်သဖြင့် ပိုမိုသင့်လျော်သည့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) အဖြစ် အမည်ပြောင်းလဲ သုံးစွဲခဲ့သည်။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ PFP Web Portal ကို Cloud Server မှ Local Server သို့ ပြောင်းရွှေ့နိုင်ရေးဆောင်ရွက်ခြင်း၊ Short Code "1111" အသုံးပြုနိုင်ရေး နည်းပညာပိုင်းဆိုင်ရာ စမ်းသပ်ခြင်းနှင့် PFP Web Portal အသုံးပြုရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် Web Portal ၌ ကော်မရှင်ရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများက ပြင်ဆင်လိုသည့်အချက်များကို ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် PFP အသုံးပြု၍ တုံ့ပြန်မှုရယူခြင်း လုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ခေတ္တဆိုင်းငံ့ထားခဲ့သည်။

**PFP စနစ်ကို အသုံးပြု**

ကော်မရှင်အနေဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ် ဆောင်ရွက်ရာတွင် အော်ပရေတာများအလိုက် တူညီသော Short Code နံပါတ်တစ်ခု အသုံးပြုနိုင်ရေး ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ပူးပေါင်းကူညီမှုဖြင့် MPT၊ Telenor၊ MyTel၊ Ooredoo စသည့် ဆက်သွယ်ရေးအော်ပရေတာ လေးခုတို့နှင့် ညှိနှိုင်း၍ Short Code "1111" ကို အသုံးပြုပြီး နည်းပညာပိုင်းဆိုင်ရာ စမ်းသပ်ခြင်းနှင့် ဆက်သွယ်ရေးအော်ပရေတာများနှင့် ညှိနှိုင်းခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် ကော်မရှင်အပါအဝင် ဝန်ကြီးဌာန/အဖွဲ့အစည်း ၁၃ ခုတွင် ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ PFP စနစ်ကို အသုံးပြုနေပြီဖြစ်သည်။

အဂတိလိုက်စားမှုသည် ဝန်ဆောင်မှုလုပ်ငန်းများကို အဟန့်အတားဖြစ်စေရုံ သာမက အစိုးရဌာနများအပေါ် အများပြည်သူ၏ ယုံကြည်မှုကို ပျက်ယွင်းစေသဖြင့် ဌာနများအလိုက် ပြုပြင်ရန် လိုအပ်နေသည့် အားနည်းချက်များကို *စာမျက်နှာ ၇ သို့*

## ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်း ပျောက်နိုင်သည်” ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတု ပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဩဝါဒါစရိယဆရာတော်ကြီးနှစ်ပါးနေရာ ရွေးချယ်တင်မြှောက်ရေး အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လစ်လပ်နေသောဒေသခံ ဩဝါဒါစရိယဆရာတော်ကြီး နှစ်ပါးနေရာ ရွေးချယ်တင်မြှောက်ရေး အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံအတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ နေပြည်တော်သာသနာရေးမှူး ဦးဆန်းထွန်းအောင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ တက်ရောက်ကြသည်။

**အတည်ပြုပေးတော်မူ**

အခမ်းအနား၌ လစ်လပ်နေသော ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ဆရာတော် နေရာတွင် ၎င်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တစန္ဒောဘာသ၊ သက်တော် ၆၄-နှစ်၊ သိက္ခာတော် ၄၄-ဝါ အားလည်းကောင်း၊ ပျဉ်းမနားမြို့ မဟာလယ်တီစံကျောင်းတိုက် ဆရာတော်နေရာ၌ ပျဉ်းမနားမြို့ အုန်းတောပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တတိဿ၊ သက်တော် ၄၆-နှစ်၊ သိက္ခာတော် ၂၆-ဝါ အားလည်းကောင်း အခမ်းအနားသို့ ကြွရောက်တော်မူလာသော ဒေသခံဩဝါဒါစရိယဆရာတော်ကြီး ၆-ပါးနှင့် အခမ်းအနားသို့ မကြွရောက်နိုင်သော ဆရာတော်ကြီး ၃-ပါး၏ ထောက်ခံချက်များဖြင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းကို သာဓု သုံးကြိမ်ခေါ်ဆို၍ အတည်ပြုပေးတော်မူသည်။

**သတင်းစဉ်**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**


နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရွာနှုန်း ၆ဝ ရာခိုင်နှုန်းဖြစ်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဧရာဝတီတိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

အချိန်မီပြုပြင်နိုင်ရန်၊ အသေးစား အဂတိလိုက်စားမှုများကို လျှော့ချနိုင်ရန်၊ အစိုးရအဖွဲ့အစည်းနှင့် ပြည်သူလူထုအကြားယုံကြည်မှု တည်ဆောက်ရန်နှင့် သက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများတွင် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်ခြင်း (Corruption Risk Assessment –CRA) လုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန်တို့ကို ရည်ရွယ်၍ PFP စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်သည်။




PFP စနစ်ကို ဆောင်ရွက်ရာတွင် ဖော်ပြပါ လုပ်ငန်းစဉ် ၃ ရပ်ဖြင့် ဆောင်ရွက်ပါသည်-

(က) သက်ဆိုင်ရာ မြို့နယ်ရုံးခွဲများ ဌာနခွဲများရှိ Data Entry Office _ DEO အဖွဲ့များက ဝန်ဆောင်မှုများရယူရန် လာရောက်ကြသော ပြည်သူများ၏ ဖုန်းနံပါတ်များကို System အတွင်းသို့ ထည့်သွင်းခြင်း၊

( ခ ) သက်ဆိုင်ရာ ဦးစီးဌာန/လုပ်ငန်းများရှိ CPU အဖွဲ့များက DEOအဖွဲ့များက System အတွင်းသို့ထည့်သွင်းထားသော ပြည်သူလူထု၏ ဖုန်းနံပါတ်များသို့ Short Code နံပါတ် 1111 ဖြင့် SMS ပေးပို့၍ ဝန်ဆောင်မှုနှင့် ပတ်သက်၍ မေးမြန်းခြင်း၊ ပြည်သူများမှ တုံ့ပြန်လာသော အကြံပြုချက်များနှင့် လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ခြင်းနှင့် မဖြေရှင်းနိုင်သည်များကို ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

( ဂ ) ဝန်ကြီးဌာနက ပြည်သူလူထုထံမှ တုံ့ပြန်လာသော အကြံပြုချက်နှင့် လိုအပ်ချက်များကို ဖြေရှင်းပေးခြင်း။

**ဝန်ဆောင်မှုများ အရည်အသွေးတိုးတက်လာစေရေး**

PFP စနစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများသို့ ဝန်ဆောင်မှုများရယူရန် လာရောက်ကြသော ပြည်သူများကို အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ Short Code နံပါတ် 1111 ဖြင့် မိမိတို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ဝန်ဆောင်မှုရယူသူ၏ မိုဘိုင်းဖုန်းမှတစ်ဆင့် SMS ပေးပို့ မေးမြန်းမည်ဖြစ်ပြီး ဝန်ဆောင်မှုရယူသူများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို SMS ပြန်လည်ပေးပို့ခြင်းဖြင့် ဖြေကြားနိုင်မည်ဖြစ်ပါသည်။ ဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ ဌာနများအနေဖြင့် အဆိုပါတုံ့ပြန်မှုများကို အခြေခံကာ ဝန်ဆောင်မှုများ အရည်အသွေးတိုးတက်ကောင်းမွန်လာစေရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများကို အချိန်မီ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝန်ဆောင်မှုရယူသည့် ပြည်သူများအနေဖြင့် မှန်ကန်စွာ ပြန်လည်ဖြေကြားရန် လိုအပ်မည်ဖြစ်သည်။

PFP အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြင့် ရရှိလာသော ပြည်သူ့တုံ့ပြန်မှုများကို အခြေခံ၍ သက်ဆိုင်ရာဌာနအလိုက် အမှန်တကယ် ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည့်အချက်များနှင့် လာဘ်ပေးလာဘ်ယူမှုများကို အချိန်တိုအတွင်းသိရှိပြီး အချိန်မီ ပြုပြင်နိုင်မည်ဖြစ်သဖြင့် အစိုးရနှင့်ပြည်သူအကြား ယုံကြည်မှုများ ပိုမိုတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code 1111 ဖြင့် ပေးပို့လိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ခြင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကာ “အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”လို့ တိုက်တွန်းရေးသားလိုက်ရပါသည်။

**ဝန်ဆောင်မှုများ ကောင်းစေဖို့ “1111” ကို ဖြေကြားစို့**

**အဂတိပယ်ခွာ ပြည်သာယာဖို့ “1111” ကို ဖြေကြားစို့**

**ရည်ညွှန်းကိုးကားစာရင်း**

- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ**
- **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် Website မှ ဖော်ပြမှုများ**
- **မြန်မာ့အလင်း သတင်းစာနှင့် ကြေးမုံသတင်းစာများပါ အချက်အလက်များ**

# အစာစားလျှင် ဉာဏ်နှင့်ယှဉ်၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ

ဒေါက်တာသန်းနိုင်စိုး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)

မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း ယခုထက် ပိုမိုမြင့်မားလာစေရေးနှင့် လူတိုင်း ရောဂါဘယကင်းရှင်း၍ ကျန်းမာသန်စွမ်းစွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် နိုင်ငံသားတိုင်း အာဟာရပြည့်ဝမျှတညီညွတ်စွာ စားသောက်နေထိုင်သည့် အလေ့အထများ ပေါ်ပေါက်လာစေရေးသည် အခြေခံလိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ ညီညွတ်မျှတသည့် အာဟာရပြည့်ဝစွာ မရရှိခြင်းကြောင့် ဖြစ်ပွားသည့် ရောဂါအမျိုးမျိုးသည် လူတစ်ဦးတစ်ယောက်အနေဖြင့် မိခင်၏ ဝမ်းတွင်းတွင်ရှိချိန်၊ မွေးကင်းစကလေးအရွယ်မှစ၍ အရွယ်ရောက်သည့်အချိန်၊ အသက်အရွယ်ကြီးရင့်လာချိန်အထိ အမျိုးမျိုး တွေ့ကြုံခံစားရစေနိုင်ပါသည်။ အသက်ငယ်ရွယ်စဉ်ကာလတွင် အာဟာရဓာတ်ချို့တဲ့မှုများကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်ပွားနိုင်ပြီး အသက်အရွယ်ကြီးရင့်ချိန်တွင် မလိုအပ်သော အာဟာရဓာတ်များ လွန်ကဲစွာစားသုံးခြင်းမှတစ်ဆင့် နောက်ဆက်တွဲ အဝလွန်ရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါစသည့်... မကူးစက်တတ်သည့်ရောဂါများဖြစ်ပွား၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးနိုင်သည့် အန္တရာယ်ကို ဖြစ်စေနိုင်ပါသည်။

**သေဆုံးမှုနှုန်း**

မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၀ ပြည့်နှစ်တွင် ၆၇ ဒသမ ၄၂ နှစ်ခန့်ရှိပြီး မျှော်မှန်းသက်တမ်းအရ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် ၁၅၁ တွင်ရှိကြောင်း သိရှိရသော်လည်း အာဆီယံနိုင်ငံများတွင် နံပါတ် ၁၀ သို့ ရောက်ရှိနေကြောင်း သိရှိရပါသည်။ ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် ၃၀ နှင့် ၆၉ နှစ်ကြား သေဆုံးမှုအားလုံး၏ ၈၅ ရာခိုင်နှုန်းသည် မကူးစက်နိုင်သော ရောဂါများဖြစ်သည့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ ကင်ဆာရောဂါအမျိုးမျိုးစသည်... တို့ကြောင့်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်များအရ တွေ့ရှိရပါသည်။ ထို့အတူ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်၌ ဆေးရုံတက်လူနာ သေဆုံးမှုအားလုံး၏ ၄၂ ရာခိုင်နှုန်းသည် မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးနေရကြောင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ မကူးစက်နိုင်သောရောဂါများသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာ သေဆုံးစေသည့် အကြောင်းအရင်းတစ်ခု ဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ကိုဗစ်-၁၉ ရောဂါကဲ့သို့ ကူးစက်မြန် ပြင်းထန်ရောဂါများ ဝင်ရောက်ဖြစ်ပွားပါကလည်း မကူးစက်တတ်သောနာတာရှည် ရောဂါအခံရှိသူများသည် ပိုမိုပြင်းထန်စွာခံစားရ၍ အသက်သေဆုံးနိုင်မှုအန္တရာယ် ပိုမိုများပြားသည်ကို တွေ့ရှိရပါသည်။

မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်း တိုးတက်စေရေးအတွက် အထက်ဖော်ပြပါမကူးစက်နိုင်သော ရောဂါများဖြစ်ပွားရသည့် ရေသောက်မြစ်သဖွယ် အဓိကအကြောင်းအရင်း (Root Cause) များ ဖြစ်သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲခြင်း၊ အရက်အလွန်အကျွံသောက်သုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ စားသုံးခြင်းနှင့် အာဟာရဓာတ်များ ညီညွတ်မျှတစွာ စားသုံးမှုမရှိခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံတွင် မွေးစကလေးအရွယ်များကို အသက်ခြောက်လပြည့်သည်အထိ မိခင်နို့တစ်မျိုးတည်းကိုသာတိုက်ကျွေး၍ အသက်ခြောက်လကျော်မှသာ ဖြည့်စွက်စာကျွေးမွေးရန်အတွက် ပညာပေးတိုက်တွန်းနှိုးဆော်ခြင်းများ ဆောင်ရွက်နေသော်လည်း အသက်ခြောက်လထက်စော၍ ဖြည့်စွက်စာအဖြစ် ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) များစွာပါဝင်သည့် ထမင်းခွံ့ကျွေးခြင်း၊ အသက်ခြောက်လကျော်၍ ဖြည့်စွက်စာ စတင်ကျွေးချိန်တွင်လည်း ထမင်းကိုသာ အဓိကထား၍ ကျွေးမွေးခြင်းအလေ့အထများစွာ ကျန်ရှိနေသေးသည် ဖြစ်ပါသည်။

> ❂ **အာဟာရပြည့်ဝစွာရရှိ၍ ခန္ဓာကိုယ်မှ လိုအပ်သည့်ဓာတ်များကို ညီညွတ်မျှတစွာ ရရှိစေရေးအတွက် နေ့စဉ်စားသုံးသည့် အစားအစာတွင် အစာအမျိုးအစား စုံလင်ရန်လိုအပ်ပြီး ပမာဏအားဖြင့် သင့်တင့်မျှတစွာ ပါဝင်ရန် လိုအပ်ပါသည်။**
>
> ❂ **လူတစ်ဦးတစ်ယောက်အနေဖြင့် အစာစားသုံးရာတွင် ဝမ်းဗိုက်ပြည့်၍ အဆာပြေစေသည်အထိ စားသုံးရသည့်ပမာဏမှာ လူတစ်ဦးနှင့်တစ်ဦး တူညီမှုမရှိနိုင်ပါ။ သို့ရာတွင် အင်အားဖြစ်စေသော အစားအစာများတွင် ပါဝင်သည့် ထမင်းတစ်မျိုးတည်းကိုသာ အဓိကထား၍စားပြီး ကျန်အစာအုပ်စုများကို မျှတစုံလင်စွာ မစားသောက်ပါက ရေရှည်တွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ဆိုးကျိုးများစွာ ခံစားရနိုင်ပါသည်။**

သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံတွင် စပါးမှတစ်ဆင့် ဆန်၊ ဆန်မှတစ်ဆင့် ထမင်းစသဖြင့် ကစီဓာတ်များစွာ ပါဝင်သည့် အစားအသောက်များကို အဓိက စားသောက်ဖွယ်ရာအဖြစ် နေ့စဉ် စားသုံးခြင်းအလေ့အထမှာ အသက်ခြောက်လအရွယ် ဖြည့်စွက်စာမှ စတင်၍ ဘဝတစ်လျှောက်လုံးတိုင်သည်အထိ ဖြစ်ပါသည်။

အာဟာရဓာတ်သည် အသွေး၊ အသား၊ အင်အားတို့ကို ဖြစ်စေတတ်သော ဩဇာဓာတ် ဖြစ်ပါသည်။ သက်ရှိသတ္တဝါတို့ ခန္ဓာကိုယ်အသက်ရှင် ကျန်းမာရေးအတွက် လိုအပ်သော ဇီဝဓာတုပစ္စည်းများဖြစ်ပြီး အစားအစာများ စားသုံးခြင်းဖြင့် ရရှိနိုင်ပါသည်။ ခန္ဓာကိုယ်ဖွံ့ဖြိုးခြင်း၊ လှုပ်ရှားသွားလာခြင်း၊ မျိုးဆက်ပွားခြင်း၊ အင်အားဖြစ်စေခြင်းနှင့် ရောဂါကာကွယ်ခြင်းတို့အတွက် အာဟာရဓာတ်အမျိုးမျိုး လိုအပ်ခြင်းဖြစ်ပြီး အာဟာရလိုအပ်ချက်များသည် အသက်အရွယ်၊ ကျား/မ၊ ကိုယ်လက်လှုပ်ရှားမှု၊ ကျန်းမာရေးအခြေအနေတို့အရ ကွာခြားပါသည်။

အာဟာရပြည့်ဝစွာရရှိ၍ ခန္ဓာကိုယ်မှ လိုအပ်သည့်ဓာတ်များကို ညီညွတ်မျှတစွာ ရရှိစေရေးအတွက် နေ့စဉ်စားသုံးသည့် အစားအစာတွင် အစာအမျိုးအစား စုံလင်ရန်လိုအပ်ပြီး ပမာဏအားဖြင့် သင့်တင့်မျှတစွာပါဝင်ရန် လိုအပ်ပါသည်။ အစားအစာကို အခြေခံအားဖြင့် အုပ်စုသုံးစု ခွဲခြားသတ်မှတ်ထားရာ(၁) အင်အားဖြစ်စေသော အစားအစာများ၊ (၂) ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစားအစာများ၊ (၃)ရောဂါကာကွယ်စေသော အစားအစာများတို့ဖြစ်ပါသည်။ နေ့စဉ် အာဟာရလုံလောက်မျှတစေရေးအတွက် စားသောက်ရာတွင် အဆိုပါ အစာအုပ်စုသုံးစုလုံး စုံလင်စွာပါဝင်ရန် လိုအပ်ပါသည်။ ထိုသို့ အစာအုပ်စုသုံးစု စုံလင်စွာ စားသုံးရာတွင် အစာအုပ်စုအလိုက် ပါဝင်သည့် ခန္ဓာကိုယ်အတွက် လိုအပ်သော အာဟာရဓာတ်ခြောက်မျိုး (ကစီဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ဗီတာမင်ဓာတ်နှင့် ရေဓာတ်) ကိုလည်း ညီညွတ်မျှတစွာ ပါဝင်စေရေး စားသုံးရမည် ဖြစ်ပါသည်။ အောက်ဖော်ပြပါဇယားတွင် အစာအုပ်စုနှင့် အာဟာရဓာတ်ကြွယ်ဝသော အစားအစာအချို့ကို ဖော်ပြအပ်ပါသည်။

**အစာအုပ်စုအလိုက် အာဟာရဓာတ်ကြွယ်ဝသော အစားအစာများ**

| အစာအုပ်စု | အာဟာရဓာတ် | ကြွယ်ဝသောအစားများ |
|---|---|---|
| အင်အားဖြစ်စေသောအစာ | ကစီဓာတ် | ကောက်နှံများ(ဥပမာ - ဆန်၊ ဂျုံ၊ ပြောင်း)<br>သစ်ဥသစ်ဖု (ဥပမာ - အာလူး၊ ပိန်းဥ)<br>အချိုစာများ (ဥပမာ - ပျားရည်၊ သကြား) |
| | အဆီဓာတ် | သီးနှံဆီအမျိုးမျိုး (ဥပမာ - နေကြာဆီ၊ ပဲပိစပ်ဆီ)<br>တိရစ္ဆာန်အဆီ (ဥပမာ - ဝက်ဆီ၊ အမဲဆီ) |
| ခန္ဓာကိုယ်ကြီးထွားစေသောအစာ | အသားဓာတ် | သား၊ ငါး၊ နို့၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး |
| ရောဂါကာကွယ်စေသောအစာ | ဗီတာမင်ဓာတ် | ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ |
| | သတ္တုဓာတ် | |
| | ရေဓာတ် | အရည်အမျိုးမျိုး အရည်ရွှမ်းသည့် အစာများ |

မြန်မာတို့၏ နေ့စဉ် စားသောက်မှုပုံစံအရ အဓိက အစာအာဟာရအနေဖြင့် စားသုံးမှုပြုခြင်း (Large Meals) ကို နံနက်စာ၊ နေ့လယ်စာ၊ ညစာ စသည်ဖြင့် နေ့စဉ် တစ်ရက်လျှင် အနည်းဆုံး သုံးကြိမ်ခန့်စားသုံးရာတွင်လည်း ဆန်မှရရှိသည့် ထမင်းသည် အဓိက စားသုံးစရာအဖြစ် ပါဝင်ခြင်း ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်အနေဖြင့် အစာစားသုံးရာတွင် ဝမ်းဗိုက်ပြည့်၍ အဆာပြေစေသည် အထိ စားသုံးရသည့်ပမာဏမှာ လူတစ်ဦးနှင့် တစ်ဦး တူညီမှုမရှိနိုင်ပါ။ သို့ရာတွင် အင်အားဖြစ်စေသော အစားအစာများတွင်ပါဝင်သည့် ထမင်းတစ်မျိုးတည်းကိုသာ အဓိကထား၍စားပြီး ကျန်အစာအုပ်စုများကို မျှတစုံလင်စွာ မစားသောက်ပါက ရေရှည်တွင် ကျန်းမာရေးနှင့်ပတ်သက်သည့် ဆိုးကျိုးများစွာ ခံစားရနိုင်ပါသည်။

**ကစီဓာတ်များက ဖြစ်ပေါ်စေသောရောဂါများ**

ဆန်မှရရှိသည့်ထမင်းသည် ကစီဓာတ် (ကာဗိုဟိုက်ဒရိတ်) များစွာပါဝင်သည်ဖြစ်၍ ၎င်းကစီဓာတ်ကို ခန္ဓာကိုယ်မှ အစာချေဖျက်သည့်အခါတွင် သကြားဓာတ် (Glucose) အချိုဓာတ်များအဖြစ် ပြောင်းလဲသွားစေပြီး ယင်းသကြားဓာတ်များသည် အသည်းအတွင်းသို့ဝင်ရောက်ကာ အဆီဓာတ်အဖြစ် ဆက်လက်ပြောင်းလဲစေပါသည်။ ခန္ဓာကိုယ်မှ လိုအပ်သည့်ပမာဏထက် ပိုမို၍ ကစီဓာတ်များ စားသုံးပါက အဆိုပါအဆီဓာတ်များ ခန္ဓာကိုယ်အတွင်း စုပြုံ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးတွင်းတွင် မကောင်းသောအဆီဓာတ်များ များပြားလာခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါနှင့် နှလုံးသွေးကြောပိတ်ရောဂါများ ဖြစ်ခြင်း၊ သွေးတိုးခြင်း၊ လေဖြတ်ခြင်းစသည့် ရောဂါများ ခံစားရနိုင်ပါသည်။ ထို့ပြင် သွေးတွင်းအချိုဓာတ်များပြားစွာရှိလာခြင်း၊ ခန္ဓာကိုယ်အတွင်း အဆီများခြင်းနှင့် အဝလွန်ခြင်းကြောင့် ခန္ဓာကိုယ်၏ အင်ဆူလင်ခုခံမှု (Insulin Resistance) များ မြင့်မားလာခြင်းကြောင့် အမျိုးအစား(၂)ဆီးချို ဖြစ်ပွားခံစားရစေပါသည်။ အမျိုးအစား(၂)ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ခန္ဓာကိုယ်အတွင်း မကောင်းသောအဆီများသည့် ရောဂါ၊ အဝလွန်ရောဂါစသဖြင့် တွဲဖက်ခံစားရပါက နှလုံး၊ သွေးကြောနှင့် ဦးနှောက်အာရုံကြောဆိုင်ရာရောဂါများ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါစသဖြင့် ပိုမိုပြင်းထန်သည့် နောက်ဆက်တွဲ မကူးစက်နိုင်သည့်ရောဂါများကိုပါ ဆက်လက်ခံစားရ၍ လူ့သက်တမ်းစေ့မနေရဘဲ စောစီးစွာသေဆုံးနိုင်ပါသည်။

အထက်ဖော်ပြချက်များအရ အစားအသောက်ကို ညီညွတ်မျှတစွာ စားသောက်ရေး (Balanced Diet) သည် လူတစ်ဦးတစ်ယောက်ချင်းအနေဖြင့် အခြေခံကျန်းမာရေးကောင်းမွန်စွာဖြင့် သက်တမ်းစေ့ နေထိုင်နိုင်ရေးအတွက် အထူးသတိပြု၍ ဉာဏ်နှင့်ယှဉ်ကာ ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါသည်။

*စာမျက်နှာ ၉ သို့*

# မွန်ပြည်နယ် မော်လမြိုင်မြို့ ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ် ဆွမ်းသပိတ်မျှောပူဇော်ပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ကမ်းနားလမ်း ဆိပ်ကမ်းသာ တံတားတွင် နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပမြဲဖြစ်သည့် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ပူဇော်ပွဲနှင့် ဆွမ်းသပိတ်မျှောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် နှင့် ပြည်နယ်ဝန်ကြီးများသည် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်အား ဖူးမြော်ကြည်ညိုပြီး သံလွင်မြစ်အတွင်း ဆွမ်းသပိတ်အိုး မျှောလှူပူဇော်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ကျက်သရေဆောင် ဦးဇိနစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်၊ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်းနှင့် ဘက်စုံမွမ်းမံပြုပြင်ခြင်းလုပ်ငန်းများ၊ ငြမ်းပြင်ဆင်ပြီးစီးမှု၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ် ပြန်လည် တင်လှူပူဇော်ရေး၊ ရွှေထီးတော်အကြီးစား ပြုပြင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မော်လမြိုင်မြို့ ကျက်သရေဆောင်ဦးဇိနစေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ငှက်ပျော့ဖူးတော်တို့တွင် ကိုးလက်မပတ်လည်တစ်ကျပ်သားရွှေစင်၊ ရွှေပြား အချပ် ၄၅ဝ နှင့် ထီးတော်၊ ကြာမှောက်ကြာလန်၊ ဖောင်းကိုးရစ်၊ ပန်းဆွဲ၊ ခေါင်းလောင်းတို့တွင် နှစ်လက်မပတ်လည်ရွှေဆိုင်း ၂၈ဝဝ ကပ်လှူပူဇော်မည်ဖြစ်ပြီး တပို့တွဲလပြည့်နေ့မတိုင်မီ ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တူယှဉ်တွဲပျော်ဂီတပွဲတော် ဆုပေးပွဲအခမ်းအနားကျင်းပ

ပဲခူး နိုဝင်ဘာ ၁၈

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တူယှဉ်တွဲပျော်ဂီတပွဲတော် ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် ညနေပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးကိုယ်စားပြု အဆိုရှင်များ သီဆိုယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

**ဆုများပေးအပ်**

ထို့နောက် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တူယှဉ်တွဲပျော်ဂီတပွဲတော် အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား လည်းကောင်း၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်နှင့် အတွင်းရေးမှူးတို့က နှစ်သိမ့်ဆုရရှိသူများအား လည်းကောင်း ဂုဏ်ပြု မှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။

**ဧည့်ခံဖျော်ဖြေ**

ယင်းနောက် (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တူယှဉ်တွဲပျော်ဂီတပွဲတော်ဆုရ ပြိုင်ပွဲဝင်သုံးဦးတို့က ဧည့်ခံဖျော်ဖြေသီဆိုကြသည်။


အဆိုပါ (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းသီဆိုမှုပြိုင်ပွဲအတွက် တိုင်းဒေသကြီးကိုယ်စားပြု အဆိုရှင်များ သီဆိုယှဉ်ပြိုင်ပွဲတွင် ပဲခူးခရိုင်မှ ခြောက်ဦး၊ တောင်ငူခရိုင်မှ နှစ်ဦး၊ ပြည်ခရိုင်မှ သုံးဦးနှင့် သာယာဝတီခရိုင်မှ သုံးဦး စုစုပေါင်း ပြိုင်ပွဲဝင် ၁၄ ဦးတို့က ပြဋ္ဌာန်းသီချင်းသုံးပုဒ်ဖြင့် ယှဉ်ပြိုင်ခဲ့ရာ ပထမဆု ငွေကျပ် ၁ဝ သိန်းအား ပဲခူးခရိုင်မှ ဒေါ်အိဟေမာန်၊ ဒုတိယဆု ငွေကျပ် ခြောက်သိန်းအား ပဲခူးခရိုင်မှ ဦးကိုကိုဝင်းနှင့် တတိယဆုငွေကျပ်သုံးသိန်းအား တောင်ငူခရိုင်မှ ဒေါ်ချစ်နုတို့က ဆွတ်ခူးရရှိကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

နေ့စဉ်ဘဝတွင် အရွယ်ရောက်ပြီး အမျိုးသားတစ်ဦး ပုံမှန်စားသုံးသင့်သည့် ညီညွတ်မျှတ အာဟာရ ရရှိနိုင်မည့် ထမင်းပန်းကန်နမူနာ(Plate Model)ကို တင်ပြလိုက်ရပါသည်။




**အထက်ဖော်ပြပါပုံသည် အရွယ်ရောက်ပြီး အမျိုးသားတစ်ဦး ပုံမှန်စားသုံးသင့်သည့်** ထမင်းပန်းကန်နမူနာဖြစ်ပြီး အခြားအသက်အရွယ်များနှင့် အမျိုးသမီးများတွင်လည်း မိမိတို့နေ့စဉ်စားသုံးမည့် ထမင်းပန်းကန်ကို အောက်ပါအတိုင်း နေရာခွဲဝေမှုပြု၍ စားသုံးသင့်ပါသည်။

(၁) ပထမဦးစွာ မိမိစားသုံးမည့် ထမင်းစားပန်းကန်၏ မျက်နှာပြင်ဧရိယာကို အပိုင်း (၄)ပိုင်းခွဲပါ။

(၂) ပထမလေးပုံတစ်ပုံဧရိယာတွင် အသားဓာတ်ပါသောအစားအစာများ (ဥပမာ–အသား၊ ငါး၊ ပဲ၊ ဥ အမျိုးမျိုး) အတွက် နေရာပေးပါ။ အရွယ်ရောက်ပြီး အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် အနည်းဆုံး အသားဓာတ် ငါးကျပ်သားမှ ၁ဝ ကျပ်သားအထိ စားသုံးသင့်ပါသည်။ အလားတူ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များလည်း စားသုံးသင့်ပါသည်။

(၃) ဒုတိယလေးပုံတစ်ပုံဧရိယာတွင် အင်အားဖြစ်စေသော အစားအစာများ (ဥပမာ–ထမင်း၊ ကြာဆံ၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ပလာတာ၊ မုန့်ဟင်းခါးမုန့်ဖတ်၊….စသည်) အတွက် နေရာပေးပါ။ အရွယ်ရောက်ပြီး အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် အများဆုံးအနေဖြင့် ထမင်း ၁၅ ကျပ်သားမှ ၂ဝ ကျပ်သားအထိသာ တတ်နိုင်သမျှလျှော့၍ စားသုံးသင့်ပါသည်။ ဆာလောင်မှုမပြေသေးလျှင် အသားဓာတ်ပါဝင်သော အစားအစာများ (သို့မဟုတ်) ဟင်းသီးဟင်းရွက်များကို တိုး၍ စားသင့်ပါသည်။

(၄) ကျန်တတိယနှင့် စတုတ္ထလေးပုံနှစ်ပုံတွင် ရောဂါကာကွယ်စေသော အစားအစာ (ဥပမာ–ဟင်းသီးဟင်းရွက်များ) အတွက် နေရာပေးပါ။ အရွယ်ရောက်ပြီး အမျိုးသားတစ်ဦးသည် တစ်ရက်လျှင် အနည်းဆုံး ဟင်းသီးဟင်းရွက် ငါးကျပ်သားမှ ၁၂ ကျပ်သားအထိ စားသုံးသင့်ပါသည်။ အလားတူ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များလည်း စားသုံးသင့်ပါသည်။

ကစီဓာတ်(ကာဗိုဟိုက်ဒရိတ်)ကို လျှော့ချစားသုံးရာတွင် ဆန်မှရရှိသည့် ထမင်းသည် အထက်တွင် တင်ပြခဲ့သကဲ့သို့ ကစီဓာတ်မှ သကြားဓာတ်အဖြစ်သို့ ပြောင်းလဲမှုနှုန်း Glycaemic index (GI) မြင့်မားသည့် အစားအစာတွင် ပါဝင်သည့်အတွက် လွန်ကဲစွာ စားသုံးခြင်းအားဖြင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ရှိနိုင်ခြင်းဖြစ်ပါသည်။ ဆန်မှရရှိသည့်ထမင်း အစားထိုးအဖြစ် Glycaemic index (GI) ပိုမိုလျော့နည်း၍ အစားအသောက်တွင် အမျှင်ဓာတ် (Fibre) ပိုမိုပါရှိသည့် အစားအစာများကို လဲလှယ်စားသုံးနိုင်ပါသည်။ အထူးသဖြင့် ဆီးချိုသွေးချို ရောဂါရှိသူများအနေဖြင့် ထိုကဲ့သို့သော အစားအစာများကို ရိုးရိုးဆန်မှရရှိသောထမင်းကို လျှော့၍ စားသည့်အခါတွင် အစားထိုး၍ စားသုံးသင့်သည့် အစားအစာများ ဖြစ်ပါသည်။ အဆိုပါ အစားအစာများမှာအစေ့အဆန်အမျိုးမျိုး၊ ပဲအမျိုးမျိုး၊ ဂျုံကြမ်း၊ ဆန်လုံးညို၊ အချိုဓာတ်လျော့နည်းသည့် အသီးများ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးစသည်တို့ ဖြစ်ပါသည်။

အသက်အရွယ်၊ ကျား၊ မ၊ အလုပ်အကိုင်အလိုက် ညီညွတ်မျှတသည့် အာဟာရပြည့်ဝစွာရရှိရေးအတွက် လိုအပ်သော အာဟာရဓာတ်များပါဝင်ပြီး အမျိုးအစားစုံလင်စွာဖြင့် မျှမျှတတ သင့်လျော်သည့် ပမာဏကို ဉာဏ်နှင့်ယှဉ်၍ သတိပြုစားသောက်ရမည်ဖြစ်ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်နေထိုင်မှုပုံစံကို ပြောင်းလဲကျင့်သုံးကာ နေ့စဉ်အလေ့အထဖြစ်စေခြင်းဖြင့် အာဟာရမျှတမှုရှိ၍ ကျန်းမာသန်စွမ်းကာ ရောဂါဘယပေါင်းစုံမှ ကင်းဝေးမည်ဖြစ်ပါ၍ “အစာစားလျှင် ဉာဏ်နှင့်ယှဉ်၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ” မည့်အကြောင်း တင်ပြလိုက်ရပါသည်။ ။

# သစ္စာဖောက်တဲ့လား

နိုင်ငံ့ဝန်ထမ်းတစ်ဦး

**ယခုတစ်လော လေလှိုင်းပေါ်ကတစ်ဆင့် ကြေညာချက်ပေါင်းစုံကို အကြိမ်ကြိမ်အလီလီ ထုတ်ပြန်နေတဲ့ NUG အဖွဲ့က ပြည်သူ့ဝန်ကိုထမ်းရွက်နေကြတဲ့ Non CDM ပြည်သူ့ဝန်ထမ်းများကို နိုင်ငံ့သစ္စာဖောက်များရယ်လို့ အမည်မည်းစာရင်းကြေညာချက်တွေ ဆက်တိုက်ထုတ်ပြန်လျက်ရှိတာ တွေ့ရပါတယ်။**

သစ္စာဖောက်ဆိုတဲ့ စကားလုံးအသုံးအနှုန်းက တကယ်တမ်းဆိုရရင် ကြောင်းကျိုးမဆီလျော်တဲ့အပြင် သဘာဝယုတ္တိ၊ အာဂမယုတ္တိကင်းမဲ့လွန်းလှပါတယ်။ ဒါ့အပြင် ရုပ်ကွက်ထဲက အရက်ဝိုင်းမှာ ကိုယ်နဲ့အတူ တွဲမသောက်လို့ စိတ်ခံစားချက်တွေအရ ပေါက်ကွဲထွက်ပြီး စွပ်စွဲပြောသလိုမျိုးဖြစ်နေပါတယ်။

ဟုတ်တယ်လေ။ ပြောရရင် **ကမ္ဘာပေါ်မှာ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ နိုင်ငံရေးရပ်တည်ချက်၊ လားရာလမ်းချင်းမတူတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ဒီလိုသစ္စာဖောက်လို့ ကြေညာတာမျိုး မကြားဖူးခဲ့ရိုးအမှန်ပါ။ ယုတ်စွအဆုံး စစ်မက်ဖြစ်ပွားနေတဲ့ ဒုတိယကမ္ဘာစစ်ကာလမျိုးမှာတောင် မြန်မာနိုင်ငံက နိုင်ငံ့ဝန်ထမ်းတွေအပေါ် ဒီလိုစွပ်စွဲချက်မျိုး မရှိခဲ့ဖူးဘူး။**

**သစ္စာဖောက်ရယ်လို့ မသတ်မှတ်ခဲ့ကြ**

ဂျပန်ခေတ် မြန်မာပြည်မှာ အုပ်ချုပ်ရေးကို ချုပ်ကိုင်ထားတဲ့ ဂျပန်စစ်ဘက် အာဏာပိုင်တွေက ဗြိတိသျှအစိုးရခေတ်က ဗျူရိုကရေစီယန္တရားထဲမှာ ပါဝင်အမှုတော်ထမ်းခဲ့ကြတဲ့ ဘယ်နိုင်ငံ့ဝန်ထမ်းကိုမှ သစ္စာဖောက်ရယ်လို့ မသတ်မှတ်ခဲ့ကြဘူး။ မူလနေမြဲ ရာထူးဌာနန္တရများအတိုင်း ဆက်လက်တာဝန်ပေး ခန့်အပ်ပြီး အုပ်ချုပ်ရေးယန္တရားကို လည်ပတ်စေခဲ့တယ်။ ဒါ့အပြင် အင်္ဂလိပ်အစိုးရခေတ်မှာ နန်းရင်းဝန်လုပ်ခဲ့တဲ့ ဒေါက်တာဘမော်ကိုတောင် ဂျပန်ခေတ်မှာ အဓိပတိပြန်ခန့်အပ်တာဝန်ပေးခဲ့သေးတယ်ဗျ။

တစ်ခါ မြန်မာပြည်ကို အင်္ဂလိပ်တွေ တစ်ကျော့ပြန်ဝင်ရောက်လာပြီးအုပ်ချုပ်တဲ့ မြို့ပြအုပ်ချုပ်ရေး (C.A.S.B) ခေတ်ကာလမှာလည်း ဂျပန်ခေတ်က တာဝန်ထမ်းဆောင်ခဲ့တဲ့ ဘယ်ပြည်သူ့ဝန်ထမ်းကိုမှ သစ္စာဖောက်ရယ်လို့ စွပ်စွဲအလုပ်ထုတ်ခဲ့တာမျိုး မရှိခဲ့ဘူးဗျ။ မစွပ်စွဲတဲ့အပြင် အင်္ဂလိပ်အစိုးရက အရာထမ်း၊ အမှုထမ်းတွေကို ဂျပန်ခေတ်တစ်လျှောက်လုံးက လစာတွေကိုပါ ပြန်လည်တွက်ချက်ပြီး ထပ်ဆောင်းလစာငွေများအဖြစ် ထုတ်ပေးခဲ့တယ်ဗျ။

**ဒီမိုကရေစီဝါဒမဟုတ်**

**ဒီမိုကရေစီစနစ်ရဲ့သဘောသဘာဝကို ပြောရဦးမလား။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးခံယူချက်တွေ၊ ရပ်တည်ချက်တွေ ဘယ်သို့ပင် မတူကွဲပြားခြားနားစေကာမူ မတူတာတွေဖယ်ပြီး တူတာတွေပေါင်းလုပ်ကြရတာ ဒီမိုကရေစီရဲ့ သဘောသဘာဝပေပဲ။ ဂိုဏ်းဂဏစိတ်တွေ ရှေ့တန်းတင်ပြီး ငါနဲ့မတူ ငါ့ရန်သူရယ်လို့ ရန်၊ ငါ ခွဲခြားသတ်မှတ်ကြရင်တော့ ဒါဟာ ဒီမိုကရေစီဝါဒ မဟုတ်ပေဘူးဗျ။**

> **❋ ဒီမိုကရေစီစနစ်ရဲ့သဘောသဘာဝကို ပြောရဦးမလား။ ဒီမိုကရေစီစနစ်မှာ နိုင်ငံရေးခံယူချက်တွေ၊ ရပ်တည်ချက်တွေ ဘယ်သို့ပင် မတူကွဲပြားခြားနားစေကာမူ မတူတာတွေဖယ်ပြီး တူတာတွေ ပေါင်းလုပ်ကြရတာ ဒီမိုကရေစီရဲ့ သဘောသဘာဝပေပဲ။ ဂိုဏ်းဂဏစိတ်တွေ ရှေ့တန်းတင်ပြီး ငါနဲ့မတူ ငါ့ရန်သူ ရယ်လို့ရန်၊ ငါခွဲခြားသတ်မှတ်ကြရင်တော့ ဒါဟာ ဒီမိုကရေစီဝါဒ မဟုတ်ပေဘူးဗျ**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဖဆပလအဖွဲ့ချုပ်ကြီးဆိုရင် နိုင်ငံ့လွတ်လပ်ရေးအတွက်ရှေးရှုပြီး နိုင်ငံရေးရပ်တည်ချက်ချင်းမတူတဲ့ အရောင်အသွေးပေါင်းစုံကို စုစည်းဖွဲ့စည်းခဲ့တယ်။

ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်း၊ အထွေထွေအတွင်းရေးမှူးက သခင်သန်းထွန်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ ဗိုလ်လက်ျာ၊ ဗိုလ်နေဝင်း စတဲ့ တပ်မတော်ကိုယ်စားလှယ်တွေ၊ သခင်မြသွင်၊ သခင် ဗဟိန်း၊ သခင်သိန်းဖေ (သိန်းဖေမြင့်) စတဲ့ ကွန်မြူနစ်ပါတီ ကိုယ်စားလှယ်တွေ၊ ဦးကျော်ငြိမ်း၊ ဦးဗဆွေ၊ သခင်ချစ် (နောက်ပိုင်း ကွန်မြူနစ်ပါတီဝင်)၊ သခင်ဝတင် စတဲ့ ဆိုရှယ်လစ်ပါတီကိုယ်စားလှယ်တွေ၊ ဦးဘဖေ၊ ဦးမြ(ပျော်ဘွယ်)၊ ဦးမြ(ဟင်္သာတ) စတဲ့ နိုင်ငံရေး သမားဟောင်းကြီးတွေ၊ ဒီးဒုတ်ဦးဘချို၊ ဂျာနယ်ကျော် ဦးချစ်မောင် စတဲ့ တစ်သီးပုဂ္ဂလပြည်ချစ်ပုဂ္ဂိုလ်တွေ၊ လူမျိုးစုကိုယ်စားလှယ်တွေနဲ့ စုပေါင်းပြီး ဖွဲ့စည်းခဲ့ကြတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်သွားပြီး လွတ်လပ်ရေးအတွက် အရေးဆိုခဲ့တဲ့ခရီးစဉ်ကို ကြည့်ဦးမလား။ ဗိုလ်ချုပ်ရဲ့နောက်မှာ တစ်ချိန်က အင်္ဂလိပ်အစိုးရရဲ့ အိုင်စီအက်စ်အရာရှိကြီးဖြစ်ခဲ့တဲ့ ဦးတင်ထွတ်ကို တွေ့ရပါလိမ့်မယ်။ ဒီခရီးစဉ်မှာ အင်္ဂလိပ်တွေရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံများနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ အိုင်စီအက်စ် ဦးတင်ထွတ်ဟာ ဗိုလ်ချုပ်ဝတ်တာ စားတာ သွားတာ လာတာ၊ ပြောတာဆိုတာကအစ နောက်ကွယ်က အများကြီး ပံ့ပိုးကူညီပေးခဲ့တယ်ဗျ။

ဒီဘက်ခေတ် အမေရိကန်သမ္မတ အိုဘားမား အစိုးရအဖွဲ့ကိုကြည့်ဦးမလား။ ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ရွေးကောက်ပွဲမှာ အကြိတ်အနယ်မဲဆွယ်ယှဉ်ပြိုင်ခဲ့ရတဲ့ ပြိုင်ဘက်ဟီလာရီကလင်တန်ကို အိုဘားမားက သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရချိန်မှာ အရေးပါလှတဲ့ နိုင်ငံခြားရေးဝန်ကြီးရာထူး တစ်နေရာကို အာဏာခွဲဝေပေးအပ်ခဲ့တာပဲ မဟုတ်ပေဘူးလား။

ထင်သာမြင်သာအနီးစပ်ဆုံး ပြီးခဲ့တဲ့ ငါးနှစ်က အာဏာရပါတီ NLD အစိုးရအဖွဲ့ကို လေ့လာဦးမလား။ အစိုးရအဖွဲ့ အဖွဲ့ဝင်တွေထဲမှာ ယခင်တပ်မတော် အစိုးရလက်ထက်က ဝန်ကြီး၊ ဒုဝန်ကြီးတွေ ပြန်ပါဝင်လာတာပဲ မဟုတ်ပေဘူးလား။

လေလှိုင်းထဲက NUG အဖွဲ့နဲ့ ဝန်းရံထောက်ခံသူတွေကျမှပဲ သူတို့သွေးထိုးလှုံ့ဆော်မှုမှာ မပါဝင်ကြတဲ့ သန်းနဲ့ချီသော Non CDM ဝန်ထမ်းအပေါင်းကို သစ္စာဖောက်တဲ့ဗျား။

ဝန်းရံထောက်ခံသူအချို့ကဆိုရင် လေလှိုင်းထဲက NUG ရဲ့ ထုတ်ပြန်ချက်လေသံအတိုင်း ငါတို့အာဏာရလာရင် ဘောက်ချာစုတ်ရမယ့်လူတွေ၊ ထုတ်ပစ်ရမယ့် လူတွေရယ်လို့ အကျိုးအကြောင်း မဆင်ခြင်ဘဲ သံယောင်လိုက်ပြီး ပြောဆိုရေးသားနေကြတုန်းပဲဗျ။

**သူတို့ပြောသလို သူတို့တစ်ဖွဲ့တစ်သင်း၊ တစ်အုပ်စုကိုသစ္စာခံပြီး နိုင်ငံ့ဝန်ထမ်းတွေအားလုံး CDM ဝင်ကြလုပ်ကြပြီထား၊ ပြည်သူတွေရဲ့ သာရေး၊ နာရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ရပ်ရွာအေးချမ်းရေး စတဲ့လူမှုကိစ္စ လူမှုစီးပွားဘဝကို ဘယ်သူတွေက အစားထိုးတာဝန်ယူ လုပ်ဆောင်ပေးကြမလဲ။**

**ဒုက္ခခါးစည်းခံနေကြရမလား**

အနာဂတ်အတွက် ရင်သွေးငယ်တွေက ပညာမသင်ကြားဘဲ သူတို့အာဏာ ပြန်မရမချင်း ငုတ်တုတ်ထိုင်စောင့်နေကြရမှာလား။ ရပ်ထဲ ရွာထဲမှာ သူခိုး ဓားပြရန်ကို ကာကွယ်ဖို့ ၈၈ အရေးအခင်းတုန်းကလို အိမ်တိုင်း ကင်းထွက်စောင့်နေကြရမလား၊ သဘာဝဘေးအန္တရာယ်ကြုံလာရင် ကူရာမဲ့ဘဝနဲ့ ဒုက္ခခါးစည်း ခံနေကြရမလား။ ရထားတွေ ကားတွေ မထွက်တော့ရင် ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေးကိစ္စတွေအတွက် တစ်မြို့နဲ့ တစ်မြို့ လမ်းလျှောက်သွားကြမလား။ ကပ်ရောဂါဘေးတွေ၊ ကိုယ်တိုင်နာမကျန်းဖြစ်တဲ့ ဗျာဓိဘေးဒုက္ခတွေကြုံလာရင် အိမ်မှာပဲ လဲလျောင်းပြီး အသေခံကြရမလား။ ယုတ်စွအဆုံး စည်ပင်ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာမရှိရင် ငါတို့ဘယ်လို လုပ်ကြမလဲလို့ တွေးမိကြရဲ့လား။ ဒီနိုင်ငံ့ဝန်ထမ်းတွေဟာ လက်ရှိတည်ဆဲအစိုးရရဲ့ အကျိုးကိုလုပ်ဆောင်နေသူတွေလား၊ ငါတို့အကျိုးအတွက် လုပ်ဆောင်နေကြသူတွေလားလို့ စဉ်းစားမိကြရဲ့လား။

"အစိုးရအမှုထမ်းတွေကို ပြောလိုတယ်။ အစိုးရအမှုထမ်းတွေဟာ တိုင်းပြည်နဲ့ လူထုအကျိုးကို ကြည့်ပြီး ကျုပ်တို့အစိုးရအဖွဲ့က ဆုံးဖြတ်ညွှန်ကြားတဲ့အတိုင်း တစ်သဝေမတိမ်းလိုက်နာပါ။ တိုင်းပြည်နဲ့ လူထုအကျိုးကိုကြည့်ပြီး ဆုံးဖြတ်တဲ့လုပ်ငန်းစဉ်ကို တစ်သဝေမတိမ်း တာဝန်ကျေပွန်စွာလုပ်ကိုင်ဆောင်ရွက်ရင် ဘယ်သူ့မှ ကြောက်စရာမလိုဘူး။ ဖဆပလအစိုးရဖွဲ့ထားပေမယ့် ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင်လုပ်ပါ။ ဖဆပလအစိုးရဆိုပြီး ပြည်သူ့ရဲဘော်ကိုလည်း အရမ်းကြောက်စရာ မလိုဘူး။ ဖဆပလအဖွဲ့ဝင်တွေ ပြည်သူ့ရဲဘော်တွေကလည်း ငါတို့အဖွဲ့ အစိုးရဆိုပြီး အစိုးရအာဏာယူသုံးဖို့၊ အစိုးရကိုယ်စားလုပ်ဖို့လည်း မလိုဘူး။ အခွင့်အရေးလည်းမရှိဘူးဆိုတာ သတိပြုပါ" ဆိုတဲ့ ဗိုလ်ချုပ်မိန့်ခွန်းကို ကြားဖူးကြရဲ့လား။

**ဒီမိုကရေစီကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ခဲ့ကြ**

"အာဏာရ ဖဆပလဆိုရှယ်လစ်များသည် ကာကွယ်ရေး ခါးပိုက်ဆောင်တပ်များဖွဲ့စည်းကာ အတိုက်အခံအဖွဲ့ဝင်များကို သတ်ဖြတ်နှိပ်စက်ခဲ့ကြသည်။ အတိုက်အခံရေးသည့် သတင်းစာများကို ဝင်ရောက်ဖျက်ဆီးခဲ့ကြသည်။ မိမိတို့မလိုသူများကို ရက်အကန့်အသတ်မရှိ ဖမ်းဆီးချုပ်နှောင်ခဲ့ကြသည်။ မိမိတို့ခိုင်းတိုင်းမလုပ်သော အရာရှိ အရာခံများကို ရာထူးချခြင်း၊ နေရာပြောင်းရွှေ့ခြင်းစသည်ဖြင့် အနိုင်ကျင့်ခဲ့ကြသည်။ ရာဇဝတ်မှု ကျူးလွန်သောမိမိတို့၏တပည့်များကို အကာအကွယ်ပေးထားခဲ့ကြသည်။ အတိုချုပ်ရေးရလျှင် ထိုပုဂ္ဂိုလ်များသည် ဒီမိုကရေစီကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင်လုပ်ခဲ့ကြသည်။ မိမိတို့အာဏာမဲ့ဘဝရောက်မှ ဒီမိုကရေစီစကားပြောသော ထိုပုဂ္ဂိုလ်များကို ပြည်သူလူထုအနေဖြင့် ယုံရမည်လော"ဆိုတဲ့ ဗိုလ်ချုပ်ရဲ့အစ်ကို ဦးအောင်သန်းရေးတဲ့ စာအုပ်ကိုရော ဖတ်ဖူးကြရဲ့လား။

ဖော်ပြပါ အချက်အလက်အဝဝ အကြောင်းအရာအဖုံဖုံကို တစ်ချက်ချင်း၊ တစ်ခုချင်း စေ့ငုသုံးသပ်ဆင်ခြင်ပြီးသကာလမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် နိုင်ငံရေး မဖက်၊ တာဝန်နှင့်ဝတ္တရားမပျက် အမှုတော်ထမ်းရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းအပေါင်းကို သစ္စာဖောက်ရယ်လို့ခေါ်လိုက ခေါ်နိုင်ကြောင်းပါဗျာ။

ဩော်၊ သစ္စာဖောက်ဆိုလို့ တစ်ချိန်က ဆရာကြီးသိန်းဖေမြင့် ရေးသားခဲ့တဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ကို သတိရမိသေးတယ်။

ဝတ္ထုပါဇာတ်ကြောင်းက ဒီလိုပါ။ တစ်ခေတ်တစ်ခါက ကျေးလက်တောရွာတစ်ခုက ကွန်မြူနစ်အမာခံတစ်ဦးဟာ ကွန်မြူနစ်ဝါဒကို သူလက်ခံယုံကြည်သလို သူ့ဇနီးသည်ကိုလည်း သူ့လိုပဲ လက်ခံယုံကြည်စေချင်တယ်။


သို့ကြောင့်မို့ ကွန်မြူနစ်ဝါဒသဘောတရားတွေကို သူကိုယ်တိုင် ဇနီးသည်ကိုဟောပြောပို့ချ၊ ကွန်မြူနစ်သဘောတရားရေးရာ စာအုပ်တွေပေးဖတ်နဲ့ ကွန်မြူနစ်မကြီး ပီသအောင် မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးခဲ့တယ်။ ငယ်ရွယ်တဲ့ သူ့အမျိုးသမီးဟာ မကြာမီမှာပဲ သူ့ထက်ပိုပြီး ကွန်မြူနစ်ဝါဒကို ပြင်းပြင်းထန်ထန် သက်ဝင်ယုံကြည်လာတယ်။ ဟောပြောပွဲတွေ၊ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ရှေ့တန်းက ပါဝင်လာတယ်။ ကိုယ်မှာလည်း ယူနီဖောင်းနဲ့ ခါးမှာလည်းဖြောက်နဲ့။ ကွန်မြူနစ်ဝါဒကို စွဲလမ်းရင်း ရွာမှာအခြေချနေတဲ့ ကွန်မြူနစ်ဗိုလ်တစ်ယောက်နဲ့ပါ တပူးပူးတတွဲတွဲဖြစ်လာတယ်။

ဇာတ်သိမ်းမှာတော့ သူမြေတောင်မြှောက်ပေးခဲ့တဲ့သူ့ဇနီးသည်ဟာ ကွန်မြူနစ်စစ်ဗိုလ်နဲ့လူမှုရေးဖောက်ပြန်ပြီး သူ့ကိုပါတီသစ္စာဖောက်အဖြစ် စွပ်စွဲရှုတ်ချလာတယ်။ သူလည်းစိတ်ဓာတ်တွေကျပြီး သူ့ဇာတိချက်ကြွေမွေးရပ်မြေ ကျေးရွာကနေ ထွက်ပြေး တိမ်းရှောင်သွားခဲ့ရရှာတယ်။

ဆရာကြီးသိန်းဖေမြင့်က ဖော်ပြပါဝတ္ထုတိုလေးရဲ့ခေါင်းစဉ်ကို "သစ္စာဖောက်တဲ့ ဗျား" လို့ အမည်ပေးခဲ့ကြောင်းပါဗျာ။ ။

**အနာဂတ်အတွက် ရင်သွေးငယ်တွေက ပညာမသင်ကြားဘဲ သူတို့အာဏာပြန်မရမချင်း ငုတ်တုတ်ထိုင်စောင့်နေကြရမှာလား။ ရပ်ထဲရွာထဲမှာ သူခိုးဓားပြရန်ကို ကာကွယ်ဖို့ ၈၈ အရေးအခင်းတုန်းကလို အိမ်တိုင်းကင်းထွက်စောင့်နေကြရမလား၊ သဘာဝဘေးအန္တရာယ်ကြုံလာရင် ကူရာမဲ့ဘဝနဲ့ ဒုက္ခခါးစည်းခံနေကြရမလား။ ရထားတွေ ကားတွေ မထွက်တော့ရင် ကူးသန်းရောင်းဝယ်ရေး၊ လူမှုရေးကိစ္စတွေအတွက် တစ်မြို့နဲ့တစ်မြို့ လမ်းလျှောက်သွားကြမလား။ ကပ်ရောဂါဘေးတွေ၊ ကိုယ်တိုင်နာမကျန်းဖြစ်တဲ့ ဗျာဓိဘေးဒုက္ခတွေကြုံလာရင် အိမ်မှာပဲလဲလျောင်းပြီး အသေခံကြရမလား။ ယုတ်စွအဆုံး စည်ပင်ဝန်ထမ်းတွေ လုပ်ငန်းခွင်မှာမရှိရင် ငါတို့ဘယ်လို လုပ်ကြမလဲလို့ တွေးမိကြရဲ့လား။ ဒီနိုင်ငံ့ဝန်ထမ်းတွေဟာ လက်ရှိတည်ဆဲအစိုးရရဲ့ အကျိုးကိုလုပ်ဆောင်နေသူတွေလား၊ ငါတို့အကျိုးအတွက် လုပ်ဆောင်နေကြသူတွေလားလို့ စဉ်းစားမိကြရဲ့လား**

# တန်ဆောင်မုန်းလပြည့်နေ့တွင် နိုင်ငံတစ်ဝန်း စေတီပုထိုးများ၌ ဆီမီးများပူဇော်



ရေဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ အမှတ်(၁)ရပ်ကွက်ရှိ လောကမုန်ကူစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆီမီးများထွန်းညှိပူဇော်စဉ်။

လှမင်းထွဋ်(ပြန်/ဆက်)



ရန်ကုန်မြို့ ဗိုလ်တထောင်စေတီ၌ ဂေါပကအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆီမီးများထွန်းညှိပူဇော်စဉ်။

ကိုတင်အေး



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်ရှိ ရွှေစည်းခုံဘုရားကြီးနှင့် သမိုင်းအထင်ကရ ဘုရားများအား တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆီမီးပူဇော်စဉ်။

မောင်မောင်ထိန်(ကျောက်ပန်းတောင်း)



ရေဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဘုရားဖူးပြည်သူများက ဆီမီးများပူဇော်လှူဒါန်းစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)



ဟသာ်တခရိုင် မြန်အောင်မြို့ ရွှေဘုံသာစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများက တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဆီမီး ၁၀၀၀ ကပ်လှူပူဇော်စဉ်။

ဝင်းဗိုလ်(မြန်အောင်)



မြောင်းမြခရိုင် အိမ်မဲမြို့နယ် ချောင်းဝပိုင်း(၁)လမ်းတွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော အိမ်မဲမြို့တည် သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့ညက ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ချစ်သက်လယ်(အိမ်မဲ)

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင် မီးထွန်းပွဲတော်များကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

တန်ဆောင်မုန်းလသည် မြန်မာ့ ၁၂ လရာသီတွင် ရှစ်လမြောက် လဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဇာတသတ် မင်းကြီးအမှူးပြုသော ပရိသတ်တို့အား သာမညဖလသုတ်တော်ခေါ် ရဟန်းပြုရ အကျိုးပြတရားတော်ကို ဟောကြားတော်မူသော နေ့ထူးနေ့မြတ်ဖြစ်သည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျှာသင်္ကန်းကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိသည်။

ထို့အတူ တန်ဆောင်တိုင်မီးထွန်းပွဲတော်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကိုဗစ်- ၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ထွန်းညှိ ပူဇော်ဖူးမြော်ကြည်ညိုကြသည်။

အလားတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးများ၊ ရောင်စုံမီးအလှများနှင့် ထွန်းညှိပူဇော်ပြီး တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြုလုပ်သည်။ မီးထွန်းပွဲတော်သို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကျိုက်ထီးရိုးစေတီတော်သို့ ဘုရားဖူးပြည်သူများ အေးချမ်းစွာဖြင့် လာရောက်ဖူးမြော်ကြစဉ်။ ဝင်းမောင်(ကျိုက်ထို)



ပဲခူးမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် ဒေးစွန်ပါစေတီတော်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေစဉ်။ (၁၂၆)



မောင်တောမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မဟာကျန်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်အပူဇော်ခံစဉ်။ သက်လွင်စိုး(ပြန်/ဆက်)



သထုံမြို့ရှိ ရွှေစာရံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



လမိုင်းမြို့ ကျိုက်ကေလာသစေတီတော်မြတ်ကြီး၌ ဆွမ်း၊ သင်္ကန်း၊ ပန်း၊ ရေချမ်း ဆီမီး ကပ်လှူပူဇော်ကြသူများကို တွေ့ရစဉ်။ ဖြူအေး(ပြန်/ဆက်)



သံဖြူဇရပ်မြို့ ကျိုက္ခမီရေလယ်ဘုရားသို့ လာရောက်ဖူးမြော်ကြသည့် ပြည်သူများကို တွေ့ရစဉ်။ အေးအေးမွန်(ပြန်/ဆက်)

# ဗြိတိသျှ အက်ဖ်-၃၅ တိုက်လေယာဉ်တစ်စင်း မြေထဲပင်လယ်ထဲသို့ ပျက်ကျခဲ့သော်လည်း လေယာဉ်မှူးလွတ်မြောက်



အက်ဖ်-၃၅ တိုက်လေယာဉ်တစ်စင်း လေယာဉ်တင်သင်္ဘောပေါ်မှ ပျံတက်စဉ်။

လန်ဒန် နိုဝင်ဘာ ၁၈

**ဗြိတိသျှ အက်ဖ်-၃၅ တိုက်လေယာဉ်တစ်စင်း မြေထဲပင်လယ်တွင် ပုံမှန်စစ်ဆင်ရေးလုပ်ဆောင်နေစဉ် အတွင်း ပင်လယ်ထဲသို့ ပျက်ကျခဲ့ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။**

လေယာဉ်မှူးသည် ဘေးကင်းစွာဖြင့် တော်ဝင်ရေတပ် လေယာဉ်တင်သင်္ဘော အိတ်ချ်အမ်အက်စ် ထံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဝန်ကြီးဌာနက ဆက်လက်ဖော်ပြသည်။

အဆိုပါ မတော်တဆမှုသည် နိုင်ငံတကာ ရေပိုင်နက်တွင် ဂရင်းနစ်စံတော်ချိန် ၁၀ နာရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**ရှာဖွေလျက်ရှိ**

စုံစမ်းစစ်ဆေးမှုများကို စတင်လုပ်ဆောင်ခဲ့ပြီး စက်ချွတ်ယွင်းမှုလား သို့မဟုတ် လူ့အမှားလား ဆိုသည်ကို ဦးတည်ရှာဖွေလျက်ရှိသည်။

အဆိုပါ လေယာဉ်တင်သင်္ဘောပေါ်တွင် ဗြိတိသျှ အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ရှစ်စင်းနှင့် အမေရိကန် မရင်းတပ်ဖွဲ့မှ ၁၂ စင်း ရှိသည်။

အသံထက်မြန်သည့် တိုက်ခိုက်ရေးဂျက်လေယာဉ်များသည် တစ်စင်းကို ပေါင် ၈၂ သန်း (အမေရိကန်ဒေါ်လာ ၁၂၄ သန်း) တန်ဖိုးရှိပြီး အမေရိကန်ကုမ္ပဏီ လော့ခ်ဟိဒ်မာတင်က တည်ဆောက်ပေးခဲ့သည်။

ဆင်ဟွာ

# သီရိလင်္ကာနိုင်ငံ၌ အသက် ၆၀ နှင့်အထက် အုပ်စုများကို တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေး

**ကိုလံဘို နိုဝင်ဘာ ၁၈**



သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးနေသည်ကို တွေ့ရစဉ်။

သီရိလင်္ကာနိုင်ငံတွင် ကျန်းမာရေး အာဏာပိုင်များက အသက် ၆၀ နှင့်အထက် အသက်အုပ်စုများကို တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံပေးနေပြီဖြစ်သည်။

အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံခြင်းကို အနောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များနှင့် အနုယုဒ္ဓပူရနှင့် အမ်ပါရာပြည်နယ်များတွင် နိုဝင်ဘာ ၁၇ ရက်က စတင်ခဲ့သည်။

ဖိုက်ဇာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို အပိုဆောင်းထိုးဆေးအဖြစ် အသုံးပြုမည်ဖြစ်ကြောင်း မြေပြင်တွင်ကွင်းဆင်းဆောင်ရွက်နေသော ဆရာဝန်များက ပြောသည်။ မည်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်မဆို ပထမတစ်ကြိမ်နှင့် ဒုတိယတစ်ကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုပြုပြီးသည့် ဖော်ပြပါ အသက်အရွယ်အုပ်စုများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး ကတ်ပြားများနှင့်တကွ နီးစပ်ရာ ကာကွယ်ဆေးထိုးစင်တာများသို့ လာရောက်ပြီး တတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ကြောင်း သိရသည်။

နိုင်ငံအတွင်း ပထမတစ်ကြိမ်နှင့် ဒုတိယတစ်ကြိမ် ထိုးပေးလိုက်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများမှာ ဆီနိုဖမ်း၊ စပွတ်နစ်ဗွီ၊ မော်ဒါးနား၊ ဖိုက်ဇာနှင့် အက်စ်ထရာဇီနီကာ ကာကွယ်ဆေးများဖြစ်သည်။

ပြည်သူများသည် ကာကွယ်ဆေးထိုးစင်တာများတွင် စောင့်ဆိုင်းနေစရာမလိုအပ်ဘဲ ဒစ်ဂျစ်တယ်မက်ဆေ့ချ်ဖြင့် ကာကွယ်ဆေးထိုးရမည့်အချိန်ကို ပေးပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

တရားဝင် စာရင်းဇယားများအရ သီရိလင်္ကာနိုင်ငံတွင် အသက် ၂၀ ကျော်အုပ်စုများ၏ ၉၃ ဒသမ ၅ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ အတည်ပြုလူနာ ၅၅၂၀၀၀ ရှိပြီး သေဆုံးသူ ၁၄၀၀၀ ရှိသည်။

ဆင်ဟွာ

## အာဖရိကတွင် ကိုဗစ်-၁၉ လူနာပေါင်း ၈ ဒသမ ၅၇ သန်းကျော်ရှိ

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၈**

အာဖရိကတွင် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၈၅၆၉၆၄ ဦး ရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၂၁၂၄၁ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၇၉၉၇၄၂၀ မှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။ တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနိုင်ငံများဖြစ်ကြောင်း ၎င်းဌာနက ပြောသည်။

တောင်အာဖရိက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၉၂၆၉၁၄ ဦးရှိပြီး မြောက်ပိုင်းအာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် မော်ရိုကိုနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၉၄၈၅၃၉ ဦးရှိကြောင်း သိရသည်။ ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၃၄၄၇၈၅၁၇ ဦးရှိလာ

**နယူးဒေလီ နိုဝင်ဘာ ၁၈**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၁၉၁၉ ဦး ရှိလာသောကြောင့် နိုဝင်ဘာ ၁၈ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၃၄၄၇၈၅၁၇ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၇၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၆၄၆၂၃ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၁၂၈၇၆၂ ဦးအထိရှိပြီး ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၂၀၇ ဦးအထိ တိုးလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပျောက်ကင်းသွားပြီး ဆေးရုံမှ ဆင်းလာသူစုစုပေါင်း ၃၃၈၈၅၁၃၂ ဦး ရှိလာပြီဖြစ်သည်။ ဆင်ဟွာ

# တောင်ကိုရီးယားနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ စံချိန်တင်မြင့်မားလျက်ရှိ




တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ပြည်သူများ ကိုဗစ်-၁၉ စစ်ဆေးရန် တန်းစီစောင့်နေသည်ကို တွေ့ရစဉ်။

**ဆိုးလ် နိုဝင်ဘာ ၁၈**

ယခုလအစောပိုင်းတွင် ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့် နေထိုင်မှုကို စတင်လိုက်ပြီးနောက် တောင်ကိုရီးယားနိုင်ငံ၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် စံချိန်တင်မြင့်မားလျက်ရှိကြောင်း ကျန်းမာရေး အာဏာပိုင်များက နိုဝင်ဘာ ၁၈ ရက်တွင် ပြောသည်။

ကိုရီးယား ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (ကေဒီစီအေ)အရ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ကြည့်ပါက တောင်ကိုရီးယားနိုင်ငံတွင် နိုဝင်ဘာ ၁၇ ရက် ညသန်းခေါင်အချိန်အထိ နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ လူနာသစ် ၃၂၉၂ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၀၆၀၆၅ ဦးအထိ ရောက်ရှိလာခဲ့သည်။

လွန်ခဲ့သောနှစ် ဇန်နဝါရီ ၂၀ ရက်က ကိုဗစ်-၁၉ ပထမဆုံး အတည်ပြုလူနာ စတင်တွေ့ရှိခဲ့သည်မှစကာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများအနက် ယနေ့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံးနေ့တစ်နေ့အဖြစ် မှတ်တမ်းတင်ဖော်ပြခဲ့သည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် နှစ်ရက်ဆက်တိုက် ၃၀၀၀ ကျော် ရှိခဲ့သည်။

ကိုဗစ်-၁၉ စည်းမျဉ်းများနှင့် နေထိုင်ရမည်ဟု အစိုးရက စည်းမျဉ်းစည်းကမ်းများ ချမှတ်လိုက်ပြီးနောက် ယခုလို ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်လာခြင်းဖြစ်သည်။

မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်လာခြင်းသည် မြို့တော်ဆိုးလ်ဒေသတွင် ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားမှုများကြောင့်ဖြစ်သည်။

ထပ်မံကူးစက်ဖြစ်ပွားသော ကိုဗစ်-၁၉ လူနာများအနက် ၁၄၂၃ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ကာ ချုံဂီပြည်နယ်မှ ၉၆၅ ဦးနှင့် အင်ချွန်ပြည်နယ်မှ ၁၉၅ ဦးတို့ဖြစ်ကြသည်။

ဆင်ဟွာ

# ကာကွယ်ဆေးမထိုးထားတဲ့ သန်းနဲ့ချီတဲ့ပြည်သူတွေကို အလုံပိတ်ကန့်သတ်ပိတ်ဆို့လိုက်တဲ့ ဩစတြီးယား

## ထွန်းကျော်

**ကိုဗစ်-၁၉ ကူးစက်မှုအရေအတွက်မှတ်တမ်းတင်များပြားလာမှုကို တိုက်ဖျက်တဲ့ ဥရောပရဲ့ ပထမဆုံးနိုင်ငံအဖြစ် ဩစတြီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးတဲ့သူတွေကို အလုံပိတ်ကန့်သတ်မှုတွေ ထားရှိတော့မှာဖြစ်တယ်လို့ ဝန်ကြီးချုပ်အလက်ဇန္ဒြာ ချယ်လန်ဘာ့ဂ်က ပြောလိုက်ပါတယ်။**

### ကိုဗစ်-၁၉ ထိန်းချုပ်ဟန့်တားမှုကို စောင့်ကြည့်

ဩစတြီးယား နိုင်ငံ့လူဦးရေကိုးသန်းခန့်ရဲ့ ၆၅ ရာခိုင်နှုန်းခန့်ဟာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသွားပြီဖြစ်ပါတယ်။ သို့သော်လည်း ဥရောပသမဂ္ဂရဲ့ ပျမ်းမျှကာကွယ်ဆေးထိုးပမာဏ ၆၇ ရာခိုင်နှုန်းထက် လျော့နည်းနေပါသေးတယ်။ ဩစတြီးယားနိုင်ငံရဲ့ ဒီတစ်ပတ်မှာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ မှတ်တမ်းတင်ရလောက်တဲ့အထိ များလာပါတယ်။

နယ်သာလန်နိုင်ငံဟာလည်း ဆောင်းရာသီမှာ တစ်စိတ်တစ်ပိုင်း ကန့်သတ်ပိတ်ဆို့မှုကိုလုပ်ဖို့ ဆုံးဖြတ်လိုက်မှုနဲ့အတူ တခြားဥရောပအစိုးရတွေဟာ လူကြိုက်မများလှတဲ့ ကိုဗစ်-၁၉ ထိန်းချုပ်ဟန့်တားမှုတွေကို လေ့လာစောင့်ကြည့်နေကြပါတယ်။

### ပြန်လည်သုံးသပ်သွားမယ်

ဩစတြီးယားရဲ့ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုဆိုရာမှာ အသက် ၁၂ နှစ်နှင့်အထက် ကိုဗစ်-၁၉ ကာကွယ်ဆေးမထိုးထားတဲ့သူတွေနဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ မကြာသေးမီက ပြန်ကောင်းလာတဲ့ အထောက်အထား မပြနိုင်သေးတဲ့သူတွေကို အရေးကြီးတဲ့ အကြောင်းကိစ္စရပ်မှအပ အိမ်ထဲက ထွက်ခွာခွင့် ပြုမှာမဟုတ်ပါဘူး။

အခြေအနေတွေဟာ ဆိုးရွားနေပါတယ်။ ဒီအဆင့်ကို ပေါ့သေးသေးလုပ်လို့ မရပါဘူး။ အလုံပိတ်ကန့်သတ်ပိတ်ဆို့မှုတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေ တိုးမြှင့်ပြီး စစ်ဆေးမှုတွေလည်း လုပ်သွားမှာဖြစ်ပါတယ်။ အဲဒီနောက်မှာ အခြေအနေတွေကို ပြန်လည်သုံးသပ်သွားမှာဖြစ်တယ်လို့ အစိုးရက ပြောပါတယ်။

### စည်းမျဉ်းဖောက်ဖျက်သူတွေကို ဒဏ်ရိုက်မယ်

စည်းမျဉ်းဖောက်ဖျက်တဲ့သူတွေအနေနဲ့ ယူရို ၅၀၀ (အမေရိကန်ဒေါ်လာ ၇၀) ဒဏ်ရိုက်ခံရမှာဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးကြောင်း သို့မဟုတ် မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကျန်းမာလာကြောင်း သက်သေအထောက်အထား မပြနိုင်တဲ့သူတွေကို သုံးဆ အများဆုံးဒဏ်ရိုက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ရဲ့ အဓိကကော်မတီကတော့ ဒီလို အလုံပိတ်ကန့်သတ်မှုကို သဘောတူခဲ့ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာတော့ ဝန်ကြီးချုပ် ချယ်လန်ဘာ့ဂ်က ကာကွယ်ဆေးမထိုးထားရသေးတဲ့သူတွေကို ကာကွယ်ဆေးထိုးထားဖို့ တိုက်တွန်းပြောကြားထားပါတယ်။

### ဆော့ယမ်းဆန္ဒပြမှုတွေပြုလုပ်

ဝန်ကြီးချုပ်ရဲ့ ကြေညာချက်ကြောင့် ဝန်ကြီးချုပ်ရုံးအပြင်ဘက်မှာ လူရာပေါင်းများစွာ ကြွက်စီကြွက်စီနဲ့ ဆန္ဒပြကြပြီး ငါတို့ကိုယ်ခန္ဓာ၊ ငါတို့ လွတ်လပ်ခွင့်ကို ငါတို့ဆုံးဖြတ်မယ်၊ ကာကွယ်ဆေးထိုးဖို့ မပြဋ္ဌာန်းနဲ့ စသဖြင့် ရေးထားတဲ့ခေါင်းစီးစာတန်းတွေကို ဝှေ့ယမ်းကာ ဆန္ဒပြကြပါတယ်။

“သဘောမတူကြောင်းပြဖို့ ဒီကိုရောက်လာတာဖြစ်ပါတယ်။ ငါတို့အခုပြန်ခုခံရမယ်။ ငါတို့ အလုပ်လုပ်ရမယ်။ ငါတို့ လူတွေကို ကူညီရမယ်။ ဒါပေမယ့် ငါတို့ ကာကွယ်ဆေးမထိုးချင်ဘူး။ ဒါဟာ ရိုးရိုးကလေးပဲပြောမယ်ဆိုရင် ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပဲဖြစ်တယ်” လို့ အသက် ၃၀ အရွယ် ကာကွယ်ဆေးမထိုးထားတဲ့ ဆေးရုံအလုပ်သမားတစ်ဦးက ပြောပါတယ်။

### ကာကွယ်ဆေးမထိုးထားသူတွေကို သွားလာခွင့်ပိတ်ပင်

အစိုးရက သောကြာနေ့က ကာကွယ်ဆေးထိုးခြင်းဟာ ကျန်းမာရေးဝန်ထမ်းတွေအတွက် ပြဋ္ဌာန်းချက်တစ်ခု ဖြစ်လာလိမ့်မယ်လို့ ပြောခဲ့ပါတယ်။

လက်ရှိစည်းမျဉ်းတွေအရ ကာကွယ်ဆေးမထိုးထားတဲ့သူတွေကို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေနဲ့ ယဉ်ကျေးမှုဆိုင်ရာ အဆောက်အအုံတွေကို ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ထားပါတယ်။

ကျန်းမာတဲ့သူတွေကိုလည်း အလုံပိတ်ထားပါတယ်လို့ နောက်ထပ် ဆန္ဒပြသူတစ်ဦးက ပြောခဲ့ပါတယ်။

### ကိုဗစ်-၁၉ စစ်ဆေးမှုတွေလုပ်ရမယ်

ဗီယင်နာဟာ နောက်ထပ်စည်းမျဉ်းတွေ တင်းကျပ်လိုက်ပါတယ်။ ညနေပိုင်းတွေမှာ လူ ၂၅ ယောက်ထက်ပိုတဲ့ ပွဲလမ်းသဘင်အခမ်းအနားတွေ၊ အရက်ဘားတွေနဲ့ စားသောက်ဆိုင်တွေကို သွားလာဖို့ ကိုဗစ်-၁၉ စစ်ဆေးမှုတွေလုပ်ရမှာ ဖြစ်ပါတယ်။

ထို့အတူပဲ ဗီယင်နာဟာ တနင်္လာနေ့ကစပြီး အသက်ငါးနှစ်မှ ၁၁ နှစ်အထိ ကလေးတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ စတင်ထိုးပေးဖို့ ကမ်းလှမ်းတဲ့ ဥရောပသမဂ္ဂမှာ ပထမဆုံးနေရာတစ်ခုဖြစ်လာပါတယ်။

### ဘယ်ကာကွယ်ဆေးကိုမှ ကလေးတွေအတွက် အတည်ပြုထုတ်ပြန်ခြင်းမရှိသေး

စနေနေ့မှာ စတင်စာရင်းလက်ခံလိုက်တာနဲ့ ကလေးငယ်ပေါင်း ၅၀၀၀ ကျော် စာရင်းသွင်းခဲ့ပါတယ်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ပြည်သူ့ကျန်းမာရေးအပေါ် အရေးပေါ်လုပ်ပိုင်ခွင့်တွေရှိသော်လည်း ဥရောပသမဂ္ဂဆေးဘက်ဆိုင်ရာအေဂျင်စီက ဒီအသက်အရွယ်အတွက် ဘယ် ကိုဗစ်-၁၉ ကာကွယ်ဆေးကိုမှ အတည်ပြုထုတ်ပြန်ခြင်း မရှိသေးပါဘူး။

ဩစတြီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတွေအနက် ၁၁၇၀၀ သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာလည်း စနေနေ့က ၁၃၀၀၀ ကျော်နဲ့ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။

မြင့်တက်လာတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကန့်သတ်ထိန်းချုပ်ဖို့ နယ်သာလန်မှာလည်း ဒတ်ချ်လူမျိုးဝန်ကြီးချုပ် မာ့ခ်ရုဒ်ကလည်း သောကြာနေ့က စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေနဲ့ အားကစားပွဲလမ်းသဘင်တွေကို ရည်ရွယ်ချက်ထားပြီး သီတင်းပတ်သုံးပတ်ကြာ အလုံပိတ်ကန့်သတ်ပိတ်ဆို့လိုက်ကြောင်း ကြေညာလိုက်ပါတယ်။

**ကိုးကား-အေအက်ဖ်ပီ**



ကာကွယ်ဆေးထိုးရန် ပြဋ္ဌာန်းချက်အပေါ် ဆန္ဒပြနေသည့်လူအုပ်ကြီးကို တွေ့ရစဉ်။

- **ဩစတြီးယားနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူတွေအနက် ၁၁၇၀၀ သေဆုံးခဲ့ပြီးဖြစ်ပါတယ်။ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာလည်း စနေနေ့က ၁၃၀၀၀ ကျော်နဲ့ အမြင့်ဆုံးဖြစ်ခဲ့ပါတယ်**
- **မြင့်တက်လာတဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကန့်သတ်ထိန်းချုပ်ဖို့ နယ်သာလန်မှာလည်း ဒတ်ချ်လူမျိုးဝန်ကြီးချုပ် မာ့ခ်ရုဒ်ကလည်း သောကြာနေ့က စားသောက်ဆိုင်တွေ၊ ဈေးဆိုင်တွေနဲ့ အားကစားပွဲလမ်းသဘင်တွေကို ရည်ရွယ်ချက်ထားပြီး သီတင်းပတ်သုံးပတ်ကြာ အလုံပိတ်ကန့်သတ်ပိတ်ဆို့လိုက်ကြောင်း ကြေညာလိုက်ပါတယ်**

# နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈၇ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၁၄ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၈၉၈၉ ဦးရှိ

**(၁၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅) နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၉,၉၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၈၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက်** ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၉၄) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၃၀၄,၀၉၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၁၆,၁၄၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၁၀၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၈၈,၂၅၃) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၄) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၈,၉၈၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၁၈-၁၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၁၈၈) ခု | (၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၂၂) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉) ခု | (၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၃၈) ခု | (၂၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၃၂) ခု | (၂၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၄၇၆) ခု | (၄၁၉) ဦး |
| **စုစုပေါင်း** | **(၁၉,၉၈၅) ခု** | **(၅၈၇) ဦး** |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၈- ၁၁ - ၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၂၈၇၉၂၅ | ၃၈၂၆၀၇၈၄ | ၇၈၇၉၈၄ |
| ၂။ | အိန္ဒိယ | ၃၄၄၇၈၅၁၇ | ၃၃၈၈၅၁၃၂ | ၄၆၄၆၂၃ |
| ၃။ | ဘရာဇီး | ၂၁၉၇၇၆၆၁ | ၂၁၁၉၄၉၀၀ | ၆၁၁၈၉၈ |
| ၄။ | ဗြိတိန် | ၉၆၇၅၀၅၈ | ၇၉၄၃၉၈၇ | ၁၄၃၃၆၀ |
| ၅။ | ရုရှား | ၉၂၁၉၉၁၂ | ၇၉၁၉၂၅၀ | ၂၆၀၃၃၅ |
| ၆။ | တူရကီ | ၈၄၈၀၉၈၆ | ၇၉၇၀၂၀၇ | ၇၄၂၀၂ |
| ၇။ | ပြင်သစ် | ၇၃၃၀၉၅၈ | ၇၀၂၈၄၃၄ | ၁၁၈၃၂၁ |
| ၈။ | အီရန် | ၆၀၆၃၇၇၅ | ၅၇၄၆၄၈၇ | ၁၂၈၆၃၄ |
| ၉။ | အာဂျင်တီးနား | ၅၃၁၀၃၃၄ | ၅၁၇၅၅၂၆ | ၁၁၆၃၁၃ |
| ၁၀။ | ဂျာမနီ | ၅၁၆၉၆၅၇ | ၄၅၆၄၂၀၀ | ၉၈၉၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၈- ၁၁ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၂၃၄၅ | ၄၁၀၀၃၂၁ | ၁၄၃၇၀၉ |
| ဖိလစ်ပိုင် | ၂၈၂၁၇၅၃ | ၂၇၅၂၁၇၃ | ၄၆၄၂၂ |
| မလေးရှား | ၂၅၆၃၁၅၃ | ၂၄၆၆၅၂၃ | ၂၉၈၃၇ |
| ထိုင်း | ၂၀၄၄၁၂၅ | ၁၉၃၃၁၉၉ | ၂၀၂၅၂ |
| ဗီယက်နမ် | ၁၀၆၅၄၆၉ | ၈၈၁၅၉၃ | ၂၃၄၇၆ |
| မြန်မာ | ၅၁၆၁၄၆ | ၄၈၈၂၅၃ | ၁၈၉၈၉ |
| စင်ကာပူ | ၂၄၄၈၁၅ | ၂၂၀၉၁၀ | ၆၁၉ |
| ကမ္ဘောဒီးယား | ၁၁၉၇၄၁ | ၁၁၆၁၂၂ | ၂၈၈၇ |
| လာအို | ၅၈၇၉၈ | ၄၇၅၂၃ | ၁၁၆ |
| ဘရူနိုင်း | ၁၄၃၇၈ | ၁၃၇၈၆ | ၉၆ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ နေပါ

# တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) အခမ်းအနားများကို မန္တလေးမြို့နေ ပြည်သူများ အစဉ်အလာမပျက်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၈**

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သည့် အားလျော်စွာ (သာမညဖလ အခါတော်နေ့) အခမ်းအနားကို ရှေးထုံးတမ်းစဉ်လာမပျက် ကျင်းပကြသည်။

မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိ ရုပ်ရှင်တော်မြတ်အား ယနေ့နံနက် ၄ နာရီတွင် ရေတော်ဆရာတော်ဘဒ္ဒန္တဥက္ကဋ္ဌအမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ရေချမ်း၊ ပန်းများကပ်လှူပူဇော်ခြင်း၊ ဘုရားဖူးလာ ဗုဒ္ဓဘာသာဝင် သူတော်စင်ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားဘာဝနာ အားထုတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ဆက်လက်၍ နံနက် ၅ နာရီတွင် မဟာမုနိဂေါပကအဖွဲ့မှ ကြီးမှူး၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၂) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲကို ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပရာ ပူဇော်မည့် တဘက်တော်နှင့် မသိုးသင်္ကန်းတော်မြတ်ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အဖွဲ့ဝင်များအား စက်ချုပ်အဖွဲ့နှင့် တဘက်ပညာရှင်များက ပေးအပ်ကြသည်။



ထို့နောက် ရေတော်ဆရာတော် ဘဒ္ဒန္တဥက္ကဋ္ဌ အရှင်သူမြတ်အမှူးပြု၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တဘက်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများက သင်းပိုင်သင်္ကန်းတော်ကိုလည်းကောင်း၊ မဟာမုနိဂေါပကအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းနှင့် စက်ချုပ်ပညာရှင်များအဖွဲ့၊ မဟာမုနိဂေါပကဝန်ထမ်းများ၊ ဓမ္မစကြာဝတ်အဖွဲ့တို့က ကေသီသင်္ကန်းတော်ကိုလည်းကောင်း ကိုင်ဆောင်၍ မဟာမုနိ ရုပ်ရှင်တော်မြတ်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မဟာမုနိ ရုပ်ရှင်တော်မြတ်အား မသိုးသင်္ကန်းတော်ကို လွှမ်းခြုံပူဇော်ကန်တော့ကြသည်။





ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးတို့က မသိုးမြတ်သင်္ကန်းတော်ကို လုပ်အားဒါနပြုရက်လုပ်ခဲ့ကြသော ရေကြည်၊ ပေါက်၊ အုန်းတော၊ အင်းလေးဒေသ ရက်ကန်းပညာရှင်များအဖွဲ့၊ ကိုးလုံးတကာ စက်ချုပ်ပညာရှင်များအဖွဲ့၊ ဗုဒ္ဓဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

တန်ဆောင်မုန်း လပြည့်နေ့ နေ့ခင်းနှင့် ညပိုင်းတို့တွင်လည်း မန္တလေးတောင် ဆုတောင်းပြည့်ဘုရား၊ ကျောက်တော်ကြီး၊ စန္ဒာမုနိကုသိုလ်တော် ဘုရား၊ မဟာလောက ရန်နိုင်အောင်တော်မူ ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင့်ဘုရား၊ ဘုရားနီဘုရား၊ ဆုတောင်းရဘုရား၊ ဆုတောင်းပြည့်ဘုရား၊ ချမ်းသာရဘုရား၊ စွယ်တော်မြတ် စေတီတော် (မန္တလေး)၊ နန်းမြို့ဆုတောင်းပြည့်ဘုရား စသည့် တန်ခိုးကြီးဘုရားစေတီတော် တို့တွင် ရွှေသင်္ကန်းများ၊ ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်းတော်များ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်းများ၊ တရားဘာဝနာ အားထုတ်ကြသူများ၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများနှင့် အသင်းအဖွဲ့များကို အလှူရှင်များက စတုဒိသာ မုန့်လုံးရေပေါ်၊ မဲဇလီဖူးသုပ်နှင့် ကြာဆံဟင်းများ ကျွေးမွေး ကုသိုလ်ပြုကြပြီး အထူးစည်ကားလျက်ရှိသည်။ **တင်မောင်(မန္တလေး)**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

---

# ဒုတိယဝန်ကြီး ဦးရဲတင့် ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဝန်ထမ်းများနှင့် တွေ့ဆုံ၊ ပဲခူးမြို့ရှိ ထပ်ဆင့်လွှင့်စက်ရုံကို ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၈

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် ပဲခူးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ရုပ်မြင်သံကြားနှင့် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

### ဝန်ထမ်းများအားတွေ့ဆုံ

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်း ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လူထုအခြေပြုဗဟိုဌာန ခန်းမ၌ တိုင်းဒေသကြီးဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံမှ စက်ရုံမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

### ပူးပေါင်းဆောင်ရွက်

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ကျရာဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများတွင် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပုံပြောပြိုင်ပွဲ၊ စကားရည်လုပွဲနှင့် အသိပညာပေး လုပ်ငန်းများဆောင်ရွက်ရာတွင် အသင်းအဖွဲ့ဝင် လူငယ်၊ လူရွယ်များနှင့် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **သတင်းစဉ်**



---

## မင်းဘူးမြို့နယ် သမဝါယမအသင်းစုမှ မနောသုခမျိုးစပါးများဝယ်ယူ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကျေးလက်နေတောင်သူများမှ စိုက်ပျိုးထုတ်လုပ်သည့် ဆန်စပါးများ ရောင်းချရာတွင် အခက်အခဲမဖြစ်စေရန်အတွက် သမဝါယမကဏ္ဍမှ စပါးဝယ်ယူရေးလုပ်ငန်းများကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် သမဝါယမအသင်းစုမှ နမ္မဒါမျိုးစေ့ထုတ်သမဝါယမအသင်းသားများ စိုက်ပျိုးထုတ်လုပ်သော မနောသုခမျိုး စပါးတင်း ၅၀၀ ကို တစ်တင်းလျှင် ငွေကျပ် ဖ၀၀၀ နှုန်းဖြင့် ဝယ်ယူသိုလှောင်ပြီး စိုက်ပျိုးထုတ်လုပ်မည့် တောင်သူများထံ ကာလပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ပြန်လည်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❈ *ကျောဖုံးမှ*

လုပ်ကြံသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ၂၀၂၁ ခုနှစ်၊ဖေဖော်ဝါရီ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၉၈ ဦးခန့် သေဆုံးခဲ့ရပြီး ၁၄၈ ဦးခန့် ဒဏ်ရာရခဲ့မှုများကို ဖော်ပြပါအတိုင်း တွေ့ရှိရသည်-

**၁-၂-၂၀၂၁ ရက်မှ ၁၆-၁၁-၂၀၂၁ ရက်ထိ တိုင်းဒေသကြီး/ပြည်နယ်အတွင်း အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ သေဆုံး/ဒဏ်ရာရရှိမှု ဦးစီးဇယား**

| စဉ် | တိုင်း/ပြည်နယ် | ရစဖမှူး | | ရာအိမ်မှူး | | ရပ်ကျေးစာရေး | | ပေါင်း | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | သေဆုံး | ဒဏ်ရာရ | သေဆုံး | ဒဏ်ရာရ | သေဆုံး | ဒဏ်ရာရ | သေဆုံး | ဒဏ်ရာရ | |
| ၁ | နေပြည်တော် | ၁ | | | | | | ၁ | | |
| ၂ | ကချင် | ၃ | ၁ | ၂ | ၁ | | | ၅ | ၂ | |
| ၃ | ကယား | | ၁ | | | | | | ၁ | |
| ၄ | ကရင် | ၇ | ၁ | | | ၁ | ၁ | ၈ | ၂ | |
| ၅ | ချင်း | ၁ | ၁ | | | | | ၁ | ၁ | |
| ၆ | စစ်ကိုင်း | ၄၉ | ၁၉ | ၄ | ၁ | ၂ | ၂ | ၅၅ | ၂၂ | |
| ၇ | တနင်္သာရီ | ၆ | ၃ | ၂ | ၁ | ၁ | | ၉ | ၄ | |
| ၈ | ပဲခူး | ၇ | ၁ | ၅ | ၃ | | | ၁၂ | ၄ | |
| ၉ | မကွေး | ၁၁ | ၁၂ | ၄ | ၂ | ၂ | | ၁၇ | ၁၄ | |
| ၁၀ | မန္တလေး | ၃၁ | ၂၃ | ၁၃ | ၁၈ | | ၁ | ၄၄ | ၄၂ | |
| ၁၁ | မွန် | ၈ | ၅ | ၄ | ၆ | | | ၁၂ | ၁၁ | |
| ၁၂ | ရခိုင် | ၁ | | | | | | ၁ | | |
| ၁၃ | ရန်ကုန် | ၁၄ | ၁၅ | ၁၆ | ၂၁ | | ၁ | ၃၀ | ၃၇ | |
| ၁၄ | ရှမ်း | | ၂ | ၁ | | | | ၁ | ၂ | |
| ၁၅ | ဧရာဝတီ | ၁ | ၄ | ၁ | ၂ | | | ၂ | ၆ | |
| စုစုပေါင်း | | ၁၄၀ | ၈၈ | ၅၂ | ၅၅ | ၆ | ၅ | ၁၉၈ | ၁၄၈ | |

အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်၏အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများအား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်းကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားသည်။

**သတင်းစဉ်**



အရာတော်မြို့နယ် အုတ်ရှစ်ကြီးကျေးရွာ ရစဖမှူး ဦးကျော်ဦး(သေဆုံး)။



ပုဗ္ဗသီရိမြို့နယ် ဇီးကုန်းကျေးရွာ ရာအိမ်မှူး ဦးငွေအောင်(ခ)မောင်နီ (သေဆုံး)။



ဖာပွန်မြို့နယ် ကမမောင်းမြို့ (၃)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးသန်းအောင် (သေဆုံး)။



မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုလင်းပြားကြီးကျေးရွာ ရစဖမှူး ဦးဝင်းစိုး(သေဆုံး)။



လောင်းလုံးမြို့နယ် သောကြာပြင်ကျေးရွာ ရစဖအတွင်းရေးမှူး ဦးဉာဏ်သိန်း(သေဆုံး)။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

❒ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာ တစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ဝေနမြစ်အတွင်းသို့ ဖောင်မျှောပူဇော်

ပုသိမ် နိုဝင်ဘာ ၁၈

**ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ငဝန်မြစ်အတွင်းသို့ ဖောင်မျှောပူဇော်ပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီခွဲက ပုသိမ်မြို့ ကမ်းနားလမ်း မြို့တော်ခန်းမရှေ့ ရှုခင်းသာရင်ပြင်၌ ကျင်းပရာ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏အနောက်ဘက် ရေဆင်းတန်ဆောင်းတွင် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး ပူဇော်ပွဲအခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ညောင်ပင်သာကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တဝိသုတ (နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး) ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်အား နာယူကြည်ညိုသည်။

ထို့နောက် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တိုင်းဒေသကြီး ဝန်ကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မရမ်းချိုကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တသောဘိတ (တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ) ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။



ဆက်လက်၍ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ဖောင်တော်သို့ ပင့်ဆောင်ပြီး အမှတ်(၂) ငဝန်တံတားနေရာမှစတင်၍ ဖောင်တော်ကို ရေမျှော ပူဇော်ပြီး ဖောင်တော်အား ဌာနဆိုင်ရာ အဖွဲ့အစည်းများက ဆီမီးခွက်များဖြင့် ရေမျှောပူဇော်ခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၆၃ ဦး၊ အမျိုးသမီး ၁၄၀ စုစုပေါင်း ၃၀၃ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၉၆ နှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း နှစ်ဦးတို့ကို အသီးသီး လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၉-၁၁-၂၀၂၁ သောကြာနေ့

**MRTV HD**

**၀၆:၀၀** မေတ္တာသုတ်၊ ရတနသုတ်၊ ဗောဇ္ဈင်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** မြစ်သားမြို့သို့အလည်တစ်ခေါက်
**၀၉:၁၅** မျက်မှောက်ရေးရာအပြာပြာ
**၀၉:၄၅** Soccer View
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** လူမှုစီးပွားမြင်ကွင်းများ
**၁၁:၁၅** ရုပ်မြင်သံကြားဇာတ်လမ်း **'စည်းကမ်းလိုက်နာဘေးကင်းကွာ'**
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ **'သင်္ချာဘာသာရပ်'**
**၁၅:၃၀** ရုပ်မြင်သံကြားဇာတ်လမ်း **'ဒွိလာချစ်ပေ'**
**၁၆:၃၅** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၇:၃၅** Weekly Sports Info
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟာယာမျက်နှာဖုံး'** (အပိုင်း-၁၄)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** **'မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်'** ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှု
**၂၂:၁၀** ရုပ်မြင်သံကြားဇာတ်လမ်း 'After Me'

**သောကြာနေ့ ညပိုင်းတွင် တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Dominica Pavilion at Expo 2020 Dubai
**07:33** Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon)
**07:39** Development Momentum Of Sittway
**08:01** International Dances in Myanmar
**08:20** Discovering Tribes: Tai Khun (or) Gon: their life and customs (Part 2)
**08:37** Yay Pyan Taung Waterfall
**09:01** Myanmar Harpist
**09:07** Chanmyay Yeiktha Meditation Centre- Chaw Dwin Gone
**09:24** Pride of Myanmar - Bagan arts and handicrafts
**09:39** Myanmar Traditional Food: Mohinga
**10:18** Dances of Myanmar: Kayah Traditional Flag Post Festival
**10:24** Magnificent Festival in Tazaungmone

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း-၅)

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ရိုးရာအိမ်ကလေး

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း-၈)

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ရှေးခေတ်ချင်း(ချိုး)တို့၏မေတ္တာမျှတေး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရခိုင်ရိုးရာဗျာလွှအကြောင်း

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၈)

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ပျားမွေးမြူရေး

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'အငွေ့'**
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ်နံနက်(၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ကိုဗစ် – ၁၉ ရန်ပုံငွေမှ ထုတ်ပေးမည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအတွက် ချေးငွေလျှောက်ထားမည့်ရက် တိုးမြှင့်ပေး

**နေပြည်တော် နိုဝင်ဘာ ၁၈** – ကိုဗစ်-၁၉ကြောင့် ထိခိုက်မှုရှိနေသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးရေးအတွက် လျှောက်လွှာများကို အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁၉ ရက်အထိ လက်ခံမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ထားရှိရာ အဆိုပါချေးငွေလျှောက်လွှာများကို ဒီဇင်ဘာ ၃ ရက်အထိ အစိုးရရုံးပိတ်ရက်များတွင် ရုံးချိန်အတွင်း ဆက်လက် လက်ခံခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၈-၁၁-၂၀၂၁) ညနေ ၆ နာရီအချိန်အထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mcc-pmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**သတင်းစဉ်**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၈ - ၁၁ - ၂၀၂၁

**ရွှေ**

ရန်ကုန် ၁၆ ပဲရည် ရောင်းဈေး တစ်ကျပ်သား ကျပ် ၁၈၀၅၀၀၀
ရန်ကုန် ၁၅ ပဲရည် ရောင်းဈေး တစ်ကျပ်သား ကျပ် ၁၆၉၈၈၀၀
မန္တလေး ၁၆ ပဲရည် ရောင်းဈေး တစ်ကျပ်သား ကျပ် ၁၈၀၅၀၀၀
မန္တလေး ၁၅ ပဲရည် ရောင်းဈေး တစ်ကျပ်သား ကျပ် ၁၆၉၈၈၀၀

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၀၅/၁၃၄၅ ကျပ် | ၁၃၃၀/၁၃၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၁၅/၁၃၆၅ ကျပ် | ၁၃၄၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၅၀/၁၃၈၅ ကျပ် | ၁၄၀၀/၁၄၅၇ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၀၀/၁၄၃၅ ကျပ် | ၁၅၁၀/၁၅၄၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၁ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၅ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၀၈ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၁၆၇ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၁ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၅ . ၄၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၂၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၈၇၀၀ | ၂ | ၁၇၄၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၇၄၆ | ၂၃၉၁၀၀၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၂၀ | ၁၆၀၀၀၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၆ | ၁၂၀၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၃၀ | ၈၂၅၀၀ |
| EFR | ၂၈၅၀ | ၂၈၅၀ | ၂၁ | ၅၉၈၅၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀၀ | ၅၀၀၀၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီဆွေ၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရှေးဟောင်းဗိသုကာလက်ရာများ ထုံမွှမ်းထားသော ပိန်းဇလုပ်ဒေသဂုဏ်ဆောင် သုဓမ္မာရာမ ကျောင်းတော်ကြီး

ပိန်းဇလုပ် – သိန်းညွန့်

### သုဓမ္မာရာမကျောင်းတိုက်ကြီး

လွန်ခဲ့သော နှစ်ပေါင်း ၁၁၃ နှစ်ခန့်ဆီသို့ သမင်လည်ပြန် ပြန်ပြောင်းရှုကြည့် ဆင်ခြင်လိုက်ပါက ကိုလိုနီခေတ် ရှေးဟောင်းလက်ရာ ဗိသုကာလက်ရာဖြစ်သော ကျောင်းတော်ကြီးနှင့်အတူ မြန်မာမှု အနုပညာလက်ရာများကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပေသည်။

ယင်းအဆောက်အအုံ၏ ဘူမိနက်သန်နေရာသည်ကား ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့ပင် ဖြစ်ပါ၏။

### ရှေးဟောင်းအဆောက်အအုံ

ထိုခေတ်ကာလ အခြေအနေအရ တရုတ်၊ အိန္ဒိယနှင့် မြန်မာဗိသုကာပညာရှင်တို့၏ ဆန်းသစ်သော လက်ရာများ ပေါင်းစပ်ထုဆစ်ထားသည် မှန်သော်လည်း ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ် ယနေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ပေရာ ကမ္ဘာကျော် မြန်မာ့ကျွန်းသစ်တို့ဖြင့် ထုဆစ်ထားသည့် ကျွန်းတိုင်ကြီးများ၏ ထည်ဝါခံ့ညားမှု၊ ခိုင်ခံ့လှသော ရက်မတန်း ထုထည်ကြီးများ၏ အနေအထားနှင့် သပ်ရပ်လှပသော ပုံရိပ်လွှာတို့ လွှမ်းခြုံကာ အံ့မခန်းဖွယ် မြင်တွေ့ကြရမည် ဖြစ်ပါသည်။

လွန်ခဲ့သော ၂၀ ရာစုနှစ် ချင်းနင်းဝင်ရောက်ခါစ၊ မြန်မာမြေပိုင်ရှင် သူဌေးကြီး ဦးမြတ်ထွန်းအောင် (T.P.S) နှင့် သူဌေးကတော် ဒေါ်လှပေါ်တို့၏ စေတနာသဒ္ဓါတရားထက်သန်စွာ လှူဒါန်းခဲ့ကြသော ကျောင်းတော်ကြီးနှင့် ရှေးဟောင်းဗိသုကာလက်ရာတို့မှာ ယနေ့ကာလတိုင် တည်တံ့ခိုင်ကျည်လျက် တည်ရှိနေပါ၏။

### ထိန်းသိမ်းစောင့်ရှောက်ခဲ့

၁၂၆၆ ခုနှစ်၌ အခြေပြုခဲ့သော ယင်းကျောင်းတော်ကြီး၏ ဖြစ်တည်မှုကို ၁၂၇၁ ခုနှစ်တွင် ပထမကျောင်းထိုင်ဆရာတော် ဦးဇာဂရထံ အပ်နှင်းလှူဒါန်းခဲ့ပြီး ဒုတိယဆရာတော်ဖြစ်သော ဦးအဂ္ဂဓမ္မမှသည် တတိယဆရာတော် ဘဒ္ဒန္တဥတ္တမသာရက ယနေ့တိုင် ထိန်းသိမ်းစောင့်ရှောက်တော်မူလျက်ရှိပေသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၁၀ ကျော်ကြာမြင့်လာခဲ့ပြီဖြစ်သော ယင်းကျောင်းတော်၏ ဘုံခုနစ်ဆင့်ပါ ပြာသာဒ်နှင့် ပန်းတဉ်းလက်ရာများမှာ ကိုလိုနီခေတ်၏ အငွေ့အသက် အနည်းငယ်မျှရှိခဲ့သော်ငြား မြန်မာမှုလက်ရာအနုပညာတို့ကိုကား ထဲထဲဝင်ဝင် လေ့လာအကဲခတ် တွေ့မြင်နိုင်ပေသည်။

### စိတ်ညွတ်နူးဖွယ်ရာ

ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်၏ တင့်တယ်သပ္ပာယ်မှု၊ အနုစိတ် ခြယ်မှုန်းထုဆစ်ထားသော ကျောင်းတော်နှင့် ပလ္လင်တော်တို့မှာ မြင်ရသူအပေါင်း စိတ်ညွတ်နူးစရာ ဖြစ်ရပါ၏။

အဘယ်ကြောင့်မူ နွဲ့နှောင်းပျော့ပျောင်းသော ဗိသုကာလက်ရာများ ပေါင်းစပ်ထားသည့် လေးထပ်ကနုတ်ပန်းနှင့် နိပါတ်တော်လာ ဇာတ်ကွက်များမှာလည်း ထူးကဲလှသော မြန်မာမှု ကျွန်းသားအနှစ်သားများဖြင့် ရွှေပိန်းချ ထုဆစ်ပူဇော်ထားပေရာ မြင်တွေ့လေ့လာရသူများအဖို့ မြတ်နိုး ကြည်ညိုစွာ ခံစားပီတိ ရရှိနိုင်ပေသည်။

နှစ်ပေါင်းပရိစ္ဆေဒ ကြာမြင့်လာခဲ့သော သုဓမ္မာရာမကျောင်းတော်ကြီးသည် တစ်စတစ်စဖြင့် ပြုပြင်ရမည့် အနေအထားများဖြစ်ပေါ်လာခဲ့ပေရာ ဆရာတော် ဘဒ္ဒန္တဥတ္တမသာရ ကိုယ်တော်တိုင် ဦးစီးရွက်ဆောင်ကာ မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အလှူရှင်အသီးသီး၏ ဝိုင်းဝန်းထိန်းသိမ်းမှုဖြင့် ရပ်တည်လျက်ရှိပါသည်။



ပိန်းဇလုပ်မြို့ သုဓမ္မာရာမကျောင်းတော်ကြီးရှိ ဂန္ဓကုဋိတိုက် ကျောင်းဆောင်။



ပိန်းဇလုပ်မြို့ သုဓမ္မာရာမကျောင်းတော်ကြီးရှိ သာသနာ့ဟိတကာရီ(ဒုံးကျောင်း)ကြီး။

### ရှေးမူမပျက်

ပြုပြင်ထိန်းသိမ်းမွမ်းမံဖွယ်ရာ အနေအထားနှင့် အခြားနိုင်ငံတစ်ဝန်းမှ အလှူရှင်များ၏ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်း ဖြည့်ဆည်းများကို ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပေရာ ဒေသခံအလှူရှင်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသာမက နိုင်ငံတော်အဆင့်မှုကိုပါ မဖြစ်မနေ လိုအပ်လျက်ရှိပါ၏။

ဤကဲ့သို့ နှစ်(၁၀၀)ပြည့်ပွဲတော်ကိုပင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ပြီဖြစ်သော ပိန်းဇလုပ်မြို့၏ ဂုဏ်ဆောင် သုဓမ္မာရာမကျောင်းတိုက်ကြီး အပါအဝင် ရှေးဟောင်းဗိသုကာလက်ရာများ အရှည်တည်တံ့ ကြံ့ခိုင်စေသောငှာ ဝိုင်းဝန်းလှူဒါန်းနိုင်ကြရန်နှိုးဆော်သမှု အလေးအနက်ပြုဖော်ပြလိုရင်းလည်း ဖြစ်ပါသည်။

တရားအလှူမှန်သမျှသည် အမြတ်ဆုံးအလှူဒါနကြီးပင်ဖြစ်ပေရာ ဤစာစုကို ဖတ်ရှုရသူအပေါင်း၏ ထက်သန်လှသော သဒ္ဓါတရားနှင့်အညီ ပိန်းဇလုပ်မြို့၏ ဘူမိနက်သန် ရှေးဟောင်းဗိသုကာလက်ရာ သုဓမ္မာရာမကျောင်းတော်မဟာနှင့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းဖော်ဆောင်မှုများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်နိုင်မည့် အလားအလာကောင်းများလည်း ပေါ်ထွက်လာနိုင်မည်ဖြစ်ပေသည်။

### ဓမ္မအကျိုးမျှော်

အချုပ်အားဖြင့် စာရေးသူအဖို့ မိမိဒေသမြို့ရွာအကျိုးအတွက်သာမက နိုင်ငံ့ဂုဏ်ဆောင်၊ တိုင်းကျိုးဆောင်နိုင်မည့် ကျောင်းတော်ကြီးနှင့် ပရိဝုဏ်ရပ်ဝန်း၏ အရှည်တည်တံ့ သမိုင်းမော်ကွန်းထိုးနိုင်မည့် ကုသိုလ်ပွားဖွယ် လုပ်ငန်းစဉ်ကြီး အောင်မြင်ပေါက်ရောက်ရန်အတွက် ဓမ္မအကျိုးမျှော်ကာ တိုက်တွန်းနှိုးဆော်သမှု ပြုလိုက်ရပါကြောင်း . . .။ ။

“ထိုခေတ်ကာလအခြေအနေအရ တရုတ်၊ အိန္ဒိယနှင့် မြန်မာဗိသုကာပညာရှင်တို့၏ ဆန်းသစ်သော လက်ရာများ ပေါင်းစပ်ထုဆစ်ထားသည် မှန်သော်လည်း ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ် ယနေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ပေရာ ကမ္ဘာကျော် မြန်မာ့ကျွန်းသစ်တို့ဖြင့် ထုဆစ်ထားသည့် ကျွန်းတိုင်ကြီးများ၏ ထည်ဝါခံ့ညားမှု ၊ ခိုင်ခံ့လှသော ရက်မတန်း ထုထည်ကြီးများ၏ အနေအထားနှင့် သပ်ရပ်လှပသော ပုံရိပ်လွှာတို့ လွှမ်းခြုံကာ အံ့မခန်းဖွယ် မြင်တွေ့ကြရမည် ဖြစ်ပါသည်”



ပိန်းဇလုပ်မြို့ သုဓမ္မာရာမကျောင်းတော်ကြီးရှိ သာသနာ့ဗိမာန် သုဓမ္မာရုံတော်ကြီး ကျောင်းဆောင်။

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ အကြိမ် (၅၀)မြောက် မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ကပ်လှူပူဇော်ပွဲ

**ဇလွန် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ အကြိမ်(၅၀)မြောက် မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၄ နာရီက ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဂန္ဓာကုဋီတိုက်တွင် ကပ်လှူပူဇော်သည်။

မသိုးသင်္ကန်းတော်မြတ် ရက်လုပ်ကပ်လှူပူဇော်ရာတွင် ကိန္နရီစင်တော်၊ သဗ္ဗုလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမယာစင်တော်တို့မှ ရက်လုပ်လှူဒါန်းထားသော မသိုးသင်္ကန်းတော်မြတ်အား မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆက်ကပ်ပူဇော်ခဲ့ပြီး နံ့သာကိုးမျိုးဖြင့် မျက်နှာတော်သစ်ရောင်တော်ဖွင့်ခဲ့သည်။

ယင်းနောက် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆရာတော်၊ သံဃာတော်များ ခြံရံပြီး ဘုရားအနေကဇာတင်မြှောက်ခြင်း ပြုလုပ်၍ သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ မုန့်ဆွမ်းကိုးမျိုး ကပ်လှူပူဇော်ခဲ့ပြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအားတန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်အထိ လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ငွေသန်း**
**ဝေယံ(ဇလွန် )**



# မုံရွာမြို့၌ ဉာဏ်တော် ၅၄ ပေအမြင့်ရှိ ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ ဉာဏ်တော် ၅၄ပေအမြင့်ရှိ ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးအား စိန်ဖူးတော် ပြန်လည်တင်လှူခြင်းနှင့် ရွှေဆေး၊ ရေဆေး ရောင်တော်ဖွင့်ခြင်း၊ ရင်ပြင်တော်ပြုပြင်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ပြီးစီး၍ ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၁၈ ရက်က အဆိုပါစေတီတော်မြတ်ကြီးတွင်



ကျင်းပရာအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ဗုဒ္ဓဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားတွင် ဆရာတော် သံဃာတော်များက ရာပြည့်ကပ်ကျော်စေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်တို့အား ဗုဒ္ဓဘိသေက အနေကဇာတင်ကြပြီး ရာပြည့်ကပ်ကျော် မင်္ဂလာစေတီတော်မြတ်ကြီးဩဝါဒါစရိယ မဟာဇောတိကာ ရာမစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။(ဝဲပုံ)

ထို့နောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အုတ်ကန်တောရစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမာနိကထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီးအတွင်းရှိ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသော မုံရွာမြို့ပေါ်ရှိ အတိသာရကျောင်းတိုက်၊ မြို့မဂါတ်ကျောင်းတိုက်၊ အောင်ဆုပန်ကျောင်းတိုက်၊ ဓမ္မိကာရုံကျောင်းတိုက်နှင့် မောင်းထောင်ကျောင်းတိုက်ရှိ ဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့်ဆွမ်းဆန်စိမ်းများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော်တွင် အကြိမ်(၂၀)မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်

**မြင်းခြံ နိုဝင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီက မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီတော်ဓမ္မာရုံတွင် ပြုလုပ်သည်။

အခမ်းအနားတွင် မင်းကျောင်းတိုက်တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအာစာရထံမှ ငါးပါး သီလခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်လင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်ဝင်းစိန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက တရားတော်များကို နာယူခဲ့ကြကာ သံဃာတော် အရှင်သူမြတ်တို့ထံ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မသိုးသင်္ကန်းရက်လုပ်သည့် အဖွဲ့နှင့် သင်္ကန်းစက်ချုပ်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့် ငွေများပေးအပ်ပြီး ဆန္ဒတော်ပြည့်စေတီတော်ကြီးအတွင်းရှိ မဟာဂရုဏာလာဘမုနိ၊ လောကသရဖူ၊ လောကမာရဇိန်၊ လောကမုန်ကူ စသည့် ရုပ်ပွားတော်မြတ်ကြီးများအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ကျော်စွာ(မြင်းခြံ)**

# စစ်တွေမြို့၌ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲကျင်းပ

**စစ်တွေ နိုဝင်ဘာ ၁၈**

စစ်တွေမြို့၌ မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီး၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက် ဆွမ်းဆန်တော် လောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော် လောင်းလှူပွဲသို့ စစ်တွေမြို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်အပါး ၅၅၀ နှင့် သီလရှင်များသည် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးမှ စတင်ကာ ဝင်္ကပါကွင်းတစ်လျှောက် ကြွရောက်ကာ ဆွမ်းဆန်တော်များ အလှူခံကြသည်။

ထိုသို့ဆရာတော်သံဃာတော်များနှင့် သီလရှင်များကြွရောက် ဆွမ်းဆန်တော် အလှူခံကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်တော်များ၊ အချိုရည်နှင့် အလှူဝတ္ထုပစ္စည်းများကို လှူဒါန်းကြသည်။ **(အောက်ပုံ)**



စစ်တွေမြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် ယမန်နှစ်က ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်တွင် ကိုဗစ်- ၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာသည့်အတွက်ကြောင့် ပြန်လည်ကျင်းပခြင်းဖြစ်ကြောင်း အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီး ဂေါပကအဖွဲ့မှ သိရသည်။

ယခုနှစ်တွင် စစ်တွေမြို့ မြို့လုံးကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲကို ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီး ဂေါပကအဖွဲ့က ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လပြည့်နေ့တွင် ကျိုက်ခေါက်စေတီတော်သို့ ပြည်သူများ လာရောက်ဖူးမြော်မှုများပြား

**ရန်ကုန် နိုဝင်ဘာ ၁၈**

တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားများနှင့် ဘုရားကျောင်း၊ ကန်၊ စေတီပုထိုးတို့တွင် ကောင်းမှုကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိရာ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်နေကြသည်ကို တွေ့ရသည်။



ကျိုက်ခေါက်စေတီတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးထားပြီး လာရောက်ဖူးမြော်ကြသော ဘုရားဖူးပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကိုယ်အပူချိန် တိုင်းတာခြင်း၊ လက်ဆေးစေခြင်းနှင့် နှာခေါင်းစည်းများ တပ်ဆင်ကာ သတ်မှတ်အကွာအဝေးအတိုင်း စနစ်တကျဖူးမြော်ရေးအတွက် စေတီတော်ဂေါပကအဖွဲ့က ဆောင်ရွက်ထားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နောင်ချိုမြို့နယ် သံသရာအေးစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**နောင်ချို နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် သံသရာအေးစေတီတော်မြတ်ကြီး၏ (၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းက စေတီတော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

စေတီတော်အတွင်း ဗုဒ္ဓာဘိသေကမင်္ဂလာ ဆင်ယင်ကျင်းပပြီးနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကြည်တိုးနှင့် ဝန်ထမ်းများ၊ မြို့နေပြည်သူများက ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများ လောင်းလှူကြသည်။ သံသရာအေးစေတီတော်မြတ်ကြီး၌ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပသည်မှာ ယခုနှစ်တွင် (၂၈)ကြိမ်တိုင်ခဲ့ပြီဖြစ်ကာ ပွဲတော်မစတင်မီ စေတနာရှင် ပရဟိတအဖွဲ့များ၊ အလှူရှင်များက ဧည့်ပရိသတ်များအား စတုဒိသာကျွေးမွေးခြင်းများ ပြုလုပ်ကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

# (၃၅)ကြိမ်မြောက် ဘိုကလေးမြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် ပြန်လည်ကျင်းပ

**ဘိုကလေး နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ယမန်နှစ်က မကျင်းပခဲ့ရာမှ ယခုနှစ်တွင် (၃၅) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ စည်ကားသိုက်မြိုက်စွာဖြင့် နိုဝင်ဘာ ၁၇ ရက်က ပြန်လည်ကျင်းပသည်။



ဘုရားပွဲကျင်းပရေးဗဟိုအဖွဲ့နှင့် အတူ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာ လေးရွာမှ ရပ်ကွက်/ ကျေးရွာ ၁၄ ဖွဲ့က တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူရုပ်ပွားတော်များကို ပင့်ဆောင်ကာ ကမ်းနားလမ်းတစ်လျှောက်မှ အောင်စကြာဘုရားလမ်းအတိုင်း လှည့်လည်ခဲ့သည်။ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ လပြည့်ကျော် ၁ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကာ ထေရဝါဒဗုဒ္ဓသာသနာတော် အစွန့်ရှည်တည်တံ့ခိုင်မြဲထွန်းကားရေး၊ မြို့နယ်အတွင်း ကပ်ကြီးသုံးပါးနှင့်မီးဘေး၊ ရေဘေး၊ လေဘေးစသည့် သဘာဝဘေးအန္တရာယ်အသွယ်သွယ်တို့မှ ကင်းဝေးစေရေးနှင့် ဘာသာရေးတွင် စိတ်ပါဝင်စားသူပြည်သူများ ညီညွတ်စွာ ပူးပေါင်းပါဝင်လာစေရေး ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ဘုရားပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

**မိုးစက်(ဘိုကလေး)**



# သံဖြူဇရပ်မြို့ စက်စဲကမ်းခြေ၌ အပန်းဖြေအနားယူသူများ စည်ကားလျက်ရှိ

**သံဖြူဇရပ် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ စက်စဲကမ်းခြေ၌ တန်ဆောင်မုန်းလပြည့်နေ့ နေ့လယ်ပိုင်းမှစတင်ကာ ကမ်းခြေသို့ လာရောက်အပန်းဖြေကြသည့် ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

သံဖြူဇရပ်မြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးထားပြီး ရပ်နီး၊ ရပ်ဝေးမှ စက်စဲကမ်းခြေသို့ လာရောက်အပန်းဖြေသူများ၊ ကမ်းခြေတွင် စက်ဘီးစီး၊ မြင်းစီး၊ ဆိုင်ကယ်အပျော်စီးသူများ၊ ရေကစားကြသူများနှင့် စားစရာမုန့်ဆိုင်၊ ကလေးကစားစရာ၊ အဝတ်အထည်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများရောင်းချသည့် ဈေးဆိုင်တန်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **အေးအေးမွန်(ပြန်/ဆက်)**

# ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်တော်ဘုရား၌ ပဉ္စမအကြိမ်မြောက် ရခိုင်ရိုးရာ သင်ပုတ်ဆွမ်းတင်ပွဲကျင်းပ

**ပုဏ္ဏားကျွန်း နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်တော်ဘုရား ပဉ္စမအကြိမ်မြောက် ရခိုင်ရိုးရာသင်ပုတ်ဆွမ်းတင်ပူဇော်ပွဲကို ရင်ပြင်တော်၌ နိုဝင်ဘာ ၁၈ ရက်က ကျင်းပသည်။

ရခိုင်လူမျိုးတို့၏ ခေတ်လေးခေတ်ကို ပုံဖော်၍ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့နှင့် မြောက်ဦးခေတ်တို့မှ ရခိုင်ရိုးရာဝတ်စုံများ ဝတ်ဆင်ကာ ရခိုင်မင်္ဂလာစည်တော် အတီး၊ အမှုတ်စုံလင်စွာဖြင့် ရခိုင့်ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများအတိုင်း ကျင်းပခဲ့ကြခြင်းဖြစ်သည်။

ရခိုင်ရိုးရာ သင်ပုတ်ဆွမ်းတင်ပူဇော်ပွဲကို PNG Development You Organization အသင်းက ဦးဆောင်၍ ရက္ခိတမင်္ဂလာစည်တော်အဖွဲ့နှင့် ရခိုင်၊ ခမီ၊ မြိုတိုင်းရင်းသား လူငယ်၊ မောင်မယ်များက ရိုးရာယဉ်ကျေးမှု ဝတ်စားဆင်ယင်မှုတို့ဖြင့် ထမင်းထောင်၊ ပန်းထောင်၊ ဆီမီးထောင်များကိုင်ဆောင်ကာ မင်္ဂလာစည်တော်များ၊ ရခိုင်ရိုးရာတူရိယာများ တီးမှုတ်၍ စံပြရပ်ကွက်ရှိ PDYO လူငယ်အသင်းရုံးမှ စတင်ကာ သာယာလမ်း၊ အောင်သိဒ္ဓိလမ်းများအတိုင်း လှည့်လည်ပူဇော်ကြပြီးနောက် ဦးရာဇ်တော်ဘုရားတောင်ပေါ်သို့ တက်ရောက်ပူဇော်ခဲ့ကြသည်။

"သင်ပုတ်ဆွမ်းဆိုတာ ရခိုင်တောင်သူတွေရဲ့ လယ်မြေမှ ပထမဆုံးထွက်ရှိလာတဲ့ စပါးကို ရိတ်သိမ်းပြီး ဆန်အဖြစ် ထောင်းဖွပ်ကာ ဦးဦးဖျားဖျား ရွာဦးဘုန်းတော်ကြီးကျောင်းရှိ ရဟန်း၊ သံဃာတော်တွေကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်း ဓလေ့ဖြစ်ပါတယ်"ဟု ဦးဆောင်ကျင်းပသည့် အသင်းဥက္ကဋ္ဌ ကိုလင်းမြတ်က ပြောသည်။

ရခိုင်ရိုးရာ သင်ပုတ်ဆွမ်းကို ရှေးရခိုင်ဘုရင်များလက်ထက်က ထမင်းထောင်၊ ပန်းထောင်၊ ဆီမီးထောင်တို့ဖြင့် သီတင်းကျွတ်လပြည့်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့တို့တွင် ကပ်လှူကြောင်း၊ ကောက်ဦးထမင်းကို ကတော့ပုံ သွတ်သွင်းပြီး ခရုချွန်ပုံဖြစ်လာအောင်ပြုလုပ်၍ သင်ပုတ်ဆွမ်း ၃၃ ခုနှင့် ဆွမ်းထမင်းကို စေတီပုံအဖြစ် ဗန်းအလယ်၌ထားကာ ဘုရားကျောင်းကန်ပုထိုးများ၌ ဒါနပြုကြကြောင်း သိရသည်။

နံနက်ပိုင်းတွင် သင်ပုတ်ဆွမ်းကပ်လှူပြီး ညပိုင်းတွင်လည်း ဦးရာဇ်တော်ဘုရားရင်ပြင်တော်၌ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ပူဇော်ပွဲနှင့် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက် ကင်းလမ်းမတစ်လျှောက်၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့်အတူ ရခိုင်၊ ခမီ၊ မြို တိုင်းရင်းသားတို့၏ ရခိုင်ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေမှုများလည်း ဆက်လက်ပြုလုပ်ကြောင်း သိရသည်။

**နီထွန်းအောင်**
**(ပြန်/ဆက်)**



# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဝန်ဆောင်မှုပေးသည့် ဟိုတယ်အဖြစ် ဟိုတယ်သုံးခုကို အသိအမှတ်ပြု

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်သုံးခုကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးသည့် ဟိုတယ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အသိအမှတ်ပြုတံဆိပ်ပြားများ နိုဝင်ဘာ ၁၇ ရက်က ပေးအပ်သည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး ဟိုတယ်တစ်ခုတွင် ကြည့်ရှုစစ်ဆေးနေစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် တာဝန်ရှိသူများက ဗဟန်းမြို့နယ်ရှိ Yangon Boutique ဟိုတယ်၊ မရမ်းကုန်းမြို့နယ်ရှိ Mercure ဟိုတယ်နှင့် တာမွေမြို့နယ် Chatrium ဟိုတယ်များတွင် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီးနောက် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ်အတွက် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ (Enchanting Myanmar Health and Safety Protocol) အရ တိုင်းဒေသကြီးအဆင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ဝန်ဆောင်မှုပေးသည့် ဟိုတယ်များအဖြစ် အသိအမှတ်ပြုတံဆိပ်ပြား (Regional Level Plaque)များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဟိုတယ်တာဝန်ရှိသူများထံ ပေးအပ်ခြင်းဖြစ်သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် Chatrium ဟိုတယ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့်လည်း တွေ့ဆုံပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်း (ရန်ကုန်ဇုန်) ဥက္ကဋ္ဌ ဦးတင်မြင့်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း၊ ပြည်တွင်းဘုရားဖူးနှင့် ခရီးသွားဝန်ဆောင်မှုအသင်းနှင့် မြန်မာနိုင်ငံ ခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန် တင်ပြဆွေးနွေးခဲ့ကြသည်။

**ဆန်းကျော်ဦး (ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**အုတ်တွင်း နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့်ဝန်ထမ်းများက ခေါင်ရမ်းကျေးရွာအုပ်စုနေ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယမန်နေ့က သိမ်ကုန်းဘုန်းတော်ကြီးကျောင်း၌ ကွင်းဆင်းပြုလုပ်ပေးသည်။

အုတ်တွင်းမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ရမည့် လူဦးရေလျာထားချက်မှာ ၅၆၉၁ ဦးရှိပြီး ခေါင်ရမ်းကျေးရွာ၌ နိုင် ၃(က)ပြုလုပ်သူ ၃၄ ဦး၊ နိုင် ၆(က) ပြုလုပ်သူ ၁၃၅ ဦး၊ မိတ္တူပြုလုပ်သူ တစ်ဦး စုစုပေါင်း ၁၇၀ တို့အား ပြုလုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ရှိသော ရပ်ကွက်/ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# မြောက်ဦးမြို့၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနည်းပညာသင်တန်းဆင်း

**မြောက်ဦး နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများအနေဖြင့် အိုးအိမ်မကွာ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်၍ လူမှုစီးပွားဘဝတိုးတက်လာစေရန်နှင့် ခေတ်မီစိုက်ပျိုးနည်းပညာများ ရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စိုက်ပျိုးရေးနည်းပညာသင်တန်းကို မြောက်ဦးမြို့နယ် တင်းထိန်ကန်ကျေးရွာ၌ အောက်တိုဘာ ၂၅ ရက်က စတင်ဖွင့်လှစ်ပို့ချပေးခဲ့ရာ နိုဝင်ဘာ ၁၅ ရက်တွင် သင်တန်းဆင်းပွဲ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးထွန်းရန်နိုင်သူက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်ဖြိုးက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် သတိထားလိုက်နာရမည့်အချက်များနှင့် ရှေ့ဆက်လုပ်ဆောင်သွားမည့် အချက်အလက်များကို ရှင်းလင်းပြောကြားကာ သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သူများအား ဆုများချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ မြောက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၈ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ဝင်း**

## ပိုင်ကျုံမြို့ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းက စာဖတ်ဝိုင်းကျင်းပ

**ပိုင်ကျုံ နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း Book Club အဖွဲ့ဝင်များ၏ စာဖတ်ဝိုင်းကို ယမန်နေ့က ကျင်းပရာ စာရေးဆရာ ကျော်ကျော်လှိုင်၏ တန်ဖိုးရှိသောနေ့ စာအုပ်မှ တန်ဖိုးရှိသောနေ့၊ အောင်မြင်ရေးစိတ်ဓာတ်မွေးမြူပါ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားပါ ဆောင်းပါးများကို အဖွဲ့ဝင်များက အလှည့်ကျ ဖတ်ကြားဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ဥရုမြစ်ကူး နောင်ပိုအောင်တံတားကို အဆင့်မြှင့်တင်နေ၍ ယာယီပိတ်ထား

ဟုမ္မလင်း နိုဝင်ဘာ ၁၈

**စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာအနီးရှိ ဥရုမြစ်ကူးတံတားကို အဆင့်မြှင့်တင်နေမှုကြောင့် နိုဝင်ဘာ ၁၄ ရက်မှစတင်ကာ ယာယီပိတ်ထားကြောင်း ဒေသခံများထံမှ သိရသည်။**

ဥရုမြစ်ကူးတံတား အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နေသဖြင့် ယာယီပိတ်ထားကာ ယာဉ်ကြီးယာဉ်ငယ်များ ဖြတ်သန်းသွားလာခြင်းကို ခွင့်မပြုသော်လည်း လူနှင့် ဆိုင်ကယ်များကိုမူ ဖြတ်သန်းသွားလာခွင့်ပြုထားကြောင်း သိရသည်။

“ဆိုင်ကယ်တွေကတော့ သွားလို့ရတယ်၊ ကားတွေကတော့ ကူးတို့နဲ့ ကူးရတယ်၊ တံတားအောက်မှာ စက်လှေနှစ်စင်းရှိတယ်” ဟု နောင်ပိုအောင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

နောင်ပိုအောင်ကျေးရွာအနီးရှိ ဥရုမြစ်ကူး တံတား အဆင့်မြှင့်တင်မှုကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်ကပင် စတင်ခဲ့ခြင်းဖြစ်ပြီး တံတားခံနိုင်ဝန်ကို တန် ၆၀ အထိ တိုးမြှင့်မည်ဖြစ်ကာ ကြိုးတံတားအပိုင်းကို ဖြုတ်သိမ်း၍ သံပေါင်ပလိတ်ဂါဒါများဖြင့် အစားထိုးမည်ဖြစ်ကြောင်း တံတားစတင်ဆောက်လုပ်စဉ်က တည်ဆောက်ရေးညွှန်ကြားရေးမှူးထံမှ သိရသည်။

အဆိုပါ တံတားသည် အရှည်ပေ ၁၀၉၀၊ အကျယ် ၁၅ ပေ၊ အမြင့်ပေ၂၀ ရှိပြီး ပေ ၅၀၀ မှာ ချဉ်းကပ်တံတားအပိုင်းဖြစ်ကာ ပေ ၅၄၀ မှာ ကြိုးတံတားအပိုင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ပြီး နမ့်တော – နောင်ပိုအောင် – ဟုမ္မလင်း ဆက်သွယ်ထားသည့် လမ်းပိုင်းအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**လှိုင်ဘွား(ဗန်းမောက်)**



အဆင့်မြှင့်တင်နေသည့် ဥရုမြစ်ကူး နောင်ပိုအောင်ကြိုးတံတား။

## မန်းရွှေစက်တော် ဘုရားကျေးရွာအနီး၌ မန်းချောင်းကူး ကိုယ့်အားကိုယ်ကိုး ယာယီကုန်ထုတ်တံတားတစ်စင်း တည်ဆောက်

**မင်းဘူး နိုဝင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် မန်းရွှေစက်တော်ရှိ ဘုရားကျေးရွာအနီး ရွှေစက်တော် မန်းချောင်းအတွင်း၌ မော်တော်ယာဉ်များ အသုံးပြုဖြတ်သန်းသွားလာနိုင်စေရန် ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးအစီအစဉ်ဖြင့် ယာယီကုန်ထုတ်တံတားတစ်စင်းကို နိုဝင်ဘာ ၁၅ ရက်က စုပေါင်းတည်ဆောက်ခဲ့ကြောင်း ဘုရားကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အဆိုပါ ယာယီကုန်ထုတ်တံတားသည် ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ အရှည်ပေ ၈၀ ခန့်ရှိပြီး ဘုရားကျေးရွာရှိ ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး စုပေါင်းထည့်ဝင်ငွေများဖြင့် ငွေကျပ် ၁၅ သိန်းခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဘုရားကျေးရွာ အောင်မြေရတနာကျောင်းတိုက်ဆရာတော်က ဦးစီး၍ ဘုရားကျေးရွာ ရပ်မိ/ရပ်ဖများနှင့် ဒေသခံလူငယ်များက နိုဝင်ဘာ ၁၀ ရက်မှစတင် တည်ဆောက်ခဲ့ရာ နိုဝင်ဘာ ၁၅ ရက်တွင် တည်ဆောက်ပြီးစီးသဖြင့် ဒေသခံပြည်သူများက ကုန်ရောင်း/ကုန်ဝယ် မော်တော်ယာဉ်များဖြင့် အသုံးပြုဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

ယာယီ ကုန်ထုတ်တံတားတည်ဆောက်ပြီးစီးခြင်းကြောင့် ဘုရားကျေးရွာရှိ အိမ်ခြေပေါင်း ၃၃၀ မှ လူဦးရေပေါင်း ၁၃၀၀ ကျော်အတွက် များစွာအကျိုးရှိကြောင်း၊ ဘုရားကျေးရွာအနီးရွာပတ်လမ်းမှ အောက်စက်တော်ရာအရောက် ကားများဖြင့် ဘုရားဖူးပြည်သူများလည်း အလွယ်တကူ လာရောက်ဖူးမြော်နိုင်မည့်အပြင် ငဖဲမြို့နယ်နှင့် စေတုတ္တရာမြို့နယ်များသို့လည်း ဖြတ်လမ်းအဖြစ် အသုံးပြုသွားလာနိုင်တော့မည်ဖြစ်ကြောင်း ဘုရားကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကြည်လွင်ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**



တည်ဆောက်ပြီးစီး၍ စတင်အသုံးပြုနေသည့် ကိုယ့်အားကိုယ်ကိုး ယာယီကုန်ထုတ်တံတား။

## သုံးခွမြို့နယ်၌ ရေပြတ်လပ်မှုမရှိစေရန် အလှည့်ကျပေးဝေလျက်ရှိ

**သုံးခွ နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ရေပိုက်လိုင်းမှ အိမ်သွယ်ရေတိုင်များဖြင့် ရေရယူသုံးစွဲလျက်ရှိသည့် ပြည်သူများ ရေသုံးစွဲမှု အဆင်ပြေစေရန်၊ မိုးရာသီအမီထိ ရေပြတ်လပ်မှုမရှိစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရပ်ကွက်အလိုက် နိုဝင်ဘာ ၁၅ ရက်မှစ၍ အလှည့်ကျစနစ်ဖြင့် ရေပေးနေကြောင်း သိရသည်။

အမှတ်(၁) ရပ်ကွက်ရှိ ကွက်သစ်ရေကန်၊ အမှတ်(၂) ရပ်ကွက်ရှိ ၃၁ ဧက ရေကန်၊ အမှတ်(၅) ရပ်ကွက်ရှိ မြို့ဦးရေကန်၊ အမှတ်(၉) ရပ်ကွက်ရှိ ကန်သာယာရေကန် စုစုပေါင်း ရေပေးဝေရေး ကန်လေးကန်၊ ရေကူကန်လေးကန်တို့မှ ရေဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

သုံးခွမြို့ပေါ်၌ ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်တွင် အိမ်သွယ်ရေတိုင်ပေါင်း ၃၁၃၂ တိုင်ရှိပြီး မြေအောက်ရေချို မရရှိသဖြင့် ရေကန်များကိုသာ အားကိုးအားထားပြုနေရကြောင်း သိရသည်။

ရေလေလွင့်ပြုန်းတီးမှု မဖြစ်စေရေးအတွက် မိမိနေအိမ်ရှေ့နှင့် လမ်းများပေါ်တွင် ရေဖျန်းခြင်း၊ သစ်ပင်ပန်းပင်စိုက်ပျိုးရေးလုပ်ငန်းများ၌ ရေလောင်းခြင်းများ မပြုကြရန် အသိပေးနှိုးဆော်ထားပြီး ရေမရရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း– ၀၅၆၄၀၀၂၉ သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ငရုတ်သီးဈေးနှုန်းများ မြင့်တက်နေသော်လည်း စိုက်ပျိုးစရိတ်မြင့်တက်မှုကြောင့် တွက်ခြေမကိုက်

**မြစ်သား နိုဝင်ဘာ ၁၈**

ငရုတ်သီးဈေးနှုန်းများ မြင့်တက်နေသော်လည်း စိုက်ပျိုးစရိတ် မြင့်တက်မှုကြောင့် တွက်ခြေမကိုက်ကြောင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်နေသူများက ပြောသည်။

“ငရုတ်သီး အစိမ်းဈေး တစ်ပိဿာ ငွေကျပ် ၁၅၀၀ အထက်ရနေတယ်ဆိုတာ ဈေးတက်နေတဲ့ သဘောပေါ့။ ဒါပေမယ့်လည်း ဒီနှစ်ရဲ့ သွင်းအားစု စရိတ်နဲ့က မကိုက်ပါဘူး။ အရင်းတင် တစ်ပိဿာကို ငွေကျပ်၁၂၀၀ လောက် ကုန်ကျလို့ပါ။ ဒါ့ကြောင့် ငရုတ်သီးအမှည့်အစို တစ်ပိဿာကို ငွေကျပ်၁၅၀၀/၁၈၀၀ လောက် ရမှသာ ကိုက်မှာပါ။ မြေဩဇာဈေးက နှစ်ဆလောက်တက်ခဲ့တာကိုး” ဟု မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ရွာခိုင်ကြီးကျေးရွာမှ ငရုတ်သီးစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချနေသူ ကိုမြင့်ထွန်းဦးက ပြောသည်။

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသည့် ငရုတ်သီးအမှည့်အစိုများကို ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံသို့ တင်ပို့ရောင်းချခဲ့ရာ ယခုနှစ်တွင် အရည်အသွေး မပြည့်မီခြင်း၊ အထွက်နှုန်း ကျဆင်းခြင်းတို့ကြောင့် တင်ပို့မှုအားနည်းနေကြောင်း သိရသည်။

“မကွေးတိုင်း အနီးတစ်ဝိုက် ဒေသတွေရယ်၊ ပုပ္ပားနဲ့ ကျောက်ပန်းတောင်း စတဲ့ဒေသတွေရယ်၊ ဧရာဝတီတိုင်းက တချို့ဒေသတွေရယ်မှာ စိုက်ပျိုးထားတဲ့ ငရုတ်ခင်းတွေ မိုးရေချိန်များတာကြောင့် အရည်အသွေးကျဆင်းမှု ရှိတယ်။ အဲဒါကြောင့်လည်း ငရုတ်သီးအစိမ်းဈေး တက်တာပေါ့။ ငရုတ်သီး အမှည့်အစိုဈေးကွက်ကတော့ ပြည်ပတင်ပို့မှု ရပ်ထားသလောက်ကို ဖြစ်နေတယ်။ မြန်မာနိုင်ငံမှာ ဒီနှစ် မိုးများတဲ့အတွက်ကြောင့် ငရုတ်ခင်းတွေ အပျက်အစီးများပြီး အရည်အသွေး မထိန်းနိုင်ခဲ့တာကြောင့်ပါ”ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိတွင် ငရုတ်သီးအစိမ်း လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၊ ငရုတ်သီးအမှည့်အစို လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀/၁၃၀၀ ဝန်းကျင်ဈေးနှုန်းဖြင့် ရောင်းဝယ်နေကြကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**

## မော်လမြိုင်၌ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း နည်းပြသင်တန်းဆင်း

**မော်လမြိုင် နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (Physical Fitness Dance) နည်းပြသင်တန်းဆင်းပွဲနှင့် ဆုပေးပွဲကို မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်နယ်အားကစားခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ယုက နိုင်ငံတော်မှ မြန်မာ့အားကစား အဆင့်အတန်းမြင့်မားတိုးတက်စေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ ဆောင်ရွက်ပေးလျက်ရှိရာ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အားကစားသည်လည်း ကျန်းမာပျော်ရွှင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကိုယ်ကာယကြံ့ခိုင်မှုဖြစ်စေကြောင်း၊ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး စည်းလုံးညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိပြီး လူမှုအဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်တွင် လက်တွေ့အသုံးချနိုင်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြများအား ဂုဏ်ပြုလက်ဆောင်များ၊ အကောင်းဆုံးသင်တန်းသားဆုရရှိသည့် သင်တန်းသူတစ်ဦးအား ဂုဏ်ပြုဆုနှင့် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ သင်တန်းသားသင်တန်းသူများက ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း အကအလှများကို သရုပ်ပြသည်။ သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ပြီး နိုဝင်ဘာ ၈ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့နှင့် မော်လမြိုင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၌ ရွှေသင်္ကန်းဆက်ကပ်ခြင်းနှင့် ထီးတော်တင်လှူပူဇော်ပွဲများ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မဟာမြတ်မုနိဘုရားကြီး မျက်နှာတော်သစ်ခြင်းနှင့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့တွင် အဆိုပါ ဘုရားကြီး၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာမြတ်မုနိဘုရားကြီးအား ပန်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မဟာမြတ်မုနိဘုရားကြီးအား မျက်နှာတော်သစ်ရေသပ္ပာယ်ခြင်းနှင့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းပြီး မဟာမြတ်မုနိဘုရားကြီးအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့၌ တည်ထားကိုးကွယ်တော်မူသော ဆံတော်ရှင် ဦးဇိနစေတီတော်၏ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေစင်ရွှေပြားကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်တို့အား အကြီးစားပြုပြင်မွမ်းမံခြင်း၊ လေးကျွန်းသစ္စာရှင် နဂါးမောက်စေတီတော် ထီးတော်တင်လှူခြင်းနှင့် ဘက်စုံပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုဖူးမြော်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်း ကျိုင်းတုံမြို့ မဟာမြတ်မုနိဘုရားကြီးအား မျက်နှာတော်သစ်ခြင်းနှင့် ရွှေသင်္ကန်းဆက်ကပ် လှူဒါန်းပူဇော်စဉ်။

❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၇၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့၏ အရှေ့တောင်ဘက် ရေမိုင် ၁၇၅ မိုင်ခန့်၊ ပူဒူချယ်ရီမြို့၏ အရှေ့-အရှေ့ တောင်ဘက် ရေမိုင် ၁၆၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမပါရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် (၁၂:၃၀)နာရီအချိန်တွင် မြောက်လတ္တီကျု ၁၁ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၂ ဒသမ ၃ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်ခန့် ဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့ကို ချင်းနိုင်မြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရပါသည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် ၁၈.၁၁.၂၀၂၁ ရက်နေ့မှ ၁၉.၁၁.၂၀၂၁ ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းများကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းရွာခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြု နေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်နှင့် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

မိုး/ဇလ

# (၄၄) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့ လှည့်လည်ပူဇော်ပွဲ တွံတေး၌ ကျင်းပ

**တွံတေး နိုဝင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ကျက်သရေဆောင် ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ကိန်းဝပ်တော်မူသော နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။


အဆိုပါနှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များအား မြို့တွင်းသို့ကြွချီ၍ ပူဇော်ပွဲတွင်မြို့ပေါ် ရှစ်ရပ်ကွက်၊ ရှမ်းစု၊ ညောင်တံခါး၊ ငါးခုမ်းမစမ်းကျေးရွာများနှင့် ဌာနဆိုင်ရာမိသားစုများက ဗုဒ္ဓရုပ်ပွားတော်များအား မော်တော်ယာဉ်များဖြင့် ပင့်ဆောင်ကာ လှည့်လည်ပူဇော်ခံ ကြွချီတော်မူသည်။ ထိုသို့ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းလှည့်လည်စဉ် စေတနာရှင် အလှူရှင်များက ဘုရားရှင်တို့၏ဂုဏ်တော်ကို ကြည်ညိုသဒ္ဓါပွားကာ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကြကြောင်းလည်း သိရသည်။

အဆိုပါ ဗုဒ္ဓရုပ်ပွားတော်များ မြို့တွင်းသို့လှည့်လည်ပူဇော်ပွဲကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၄၄)ကြိမ် မြောက် ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တွံတေးမြို့ နှစ်ကျိပ်ရှစ်ဆူ မြို့တွင်းလှည့်လည်ပူဇော်ပွဲကို ဒေသခံများသာမက ရပ်ဝေးရပ်နီးမှ ပြည်သူများပါ လာရောက်ပူဇော်လေ့ရှိကြောင်း နှစ်ကျိပ်ရှစ်ဆူ မြို့တွင်းလှည့်လည်ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းလွင်ထံက သိရသည်။

မျိုးလှိုင် (တွံတေး)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မြေပုံမြို့နယ် အငူကမ်းခြေသို့ တန်ဆောင်တိုင်ရုံးပိတ်ရက်တွင် အပန်းဖြေလာရောက်လည်ပတ်သူများဖြင့် စည်ကား

**မြေပုံ နိုဝင်ဘာ ၁၈**

တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် မြေပုံမြို့နယ် အငူကမ်းခြေသို့ ခရီးသွားဧည့်သည်များ အပန်းဖြေလာရောက်လည်ပတ်ကြရာ ယနေ့ တန်ဆောင်မုန်းလပြည့်နေ့တွင် ပိုမိုများပြားစည်ကားလျက်ရှိသည်။

"ကျွန်မတို့က မင်းပြားမြို့က လာလည်တာပါ။ သီတင်းကျွတ်အားလပ်ရက်တုန်းကလည်း လာတယ်။ အခု မိသားစုနဲ့ လာတာပါ။ အလွန်ပျော်ဖို့ကောင်းပါတယ်။ ရှုခင်း အလွန်လှပါတယ်" ဟု လာရောက်လည်ပတ်သူ မထက်ထက်နိုင်က ပြောသည်။

မြေပုံမြို့နယ် အငူကမ်းခြေ သာယာလှပပုံကို အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ စိတ်ဝင်စားကြပြီး တစ်ဆင့်စကားတစ်ဆင့်ကြား၍ လည်းကောင်း၊ ဖေ့စ်ဘုတ်ပေါ်တွင်တွေ့ရှိ၍ လည်းကောင်း၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ၊ ဒေသခံပြည်သူများ အများအပြား လာရောက်အပန်းဖြေ အနားယူလျက်ရှိကြောင်း ဒေသခံခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းစိုး၊ ဓာတ်ပုံ- တင်ဝင်း (ပြန်/ဆက်)**



## မုဒုံမြို့အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိ

**မုဒုံ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ ကျိုက်ကမော့လေး တောင်ပေါ်ဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို တန်ဆောင်မုန်း လပြည့်နေ့တွင် ကျင်းပရာ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူး ပြည်သူများ လာရောက်ဖူးမြော်၍ စည်ကားလျက်ရှိသည်။

ထို့အပြင် မုဒုံမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း သိသာစွာလျော့နည်းကျဆင်းလာပြီဖြစ်၍ မြို့နယ်အတွင်းရှိ ဆံတော်ရှင်ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်၊ အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး၊ ခပ်ရခပ်ယူထိုင်တော်မူဘုရားကြီး၊ ဘင်လှိုင်စေတီတော်ဘုရားတို့တွင် ကိုဗစ်-၁၉ ကာလ ဘုရားဖူး ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသိုလ်ယူနိုင်ကြစေရန် ကိုဗစ်- ၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ နံနက် ၅ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ပေးထားသည်။ အဆိုပါ ဘုရားစေတီပုထိုးများတွင် ရဟန်းရှင်လူ ပြည်သူများက ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ မသိုးသက်န်း ကပ်လှူပူဇော်ခြင်းနှင့် မြို့အတွင်း၌ စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်းတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရ

ရန်ကုန် နိုဝင်ဘာ ၁၈

**၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် တူရကီနိုင်ငံ၌လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၇ ရက်က တူရကီအပျော်တမ်းကလပ် Antalya Hal Spor Kulubu အသင်းနှင့် ခြေစမ်းကစားရာ ရှစ်ဂိုးပြတ် အနိုင်ရခဲ့သည်။**

မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာလကုန်ပိုင်းကတည်းက တူရကီနိုင်ငံ၌ လေ့ကျင့်နေပြီး တတိယမြောက် ခြေစမ်းပွဲကစားခဲ့ခြင်း ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် Antalya Hal Spor Kulubu အသင်းနှင့် ခြေစမ်းပွဲကစားခဲ့ကြောင်း နည်းပြချုပ်ဖြစ်သူ အန်တွမ်နီပေးက ၎င်း၏တွစ်တာမှတစ်ဆင့် ရေးသားဖော်ပြခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်က ခြေစမ်းပွဲကစားရာ ရှစ်ဂိုးပြတ်အနိုင်ရခဲ့ကြောင်း၊ ပုံစံကောင်းပြသနိုင်ခဲ့ပြီး အောင်ကောင်းမာန်က သုံးဂိုးသွင်းယူခဲ့ကြောင်း စသည်ဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တူရကီ ခြေစမ်းခရီးစဉ်တွင် သုံးပွဲကစားထားရာ နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တူရကီအပျော်တမ်းကလပ်များဖြစ်သော မာနက်ဗ်ဂတ်စပေါ်အသင်းကို နှစ်ဂိုး - တစ်ဂိုး၊ Antalya Hal Spor Kulubu အသင်းကို ရှစ်ဂိုးပြတ် အနိုင်ရပြီး အာဖရိကအသင်းဖြစ်သော ဘူရွန်ဒီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၂၅ ရက်တွင် ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**ရဲရင့်လွင်**




မိုင်းရယ်မြို့နယ်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန် ကျန်ရှိသည့် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုဝင်ဘာ ၁၇ ရက်က လွယ်ငင်းကျေးရွာရှိ အ.လ.က ခွဲ(လွယ်ငင်း)စာရပ်၌ ဆက်လက်ထိုးနှံပေးစဉ်။

မိုင်းရယ်(ပြန်/ဆက်)



ပညာရေးဝန်ကြီးဌာန

အခြေခံပညာဦးစီးဌာန

မိဘများ ကြိုတင်ဆောင်ရွက်ရမည့်

သင်ကြားသင်ယူရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ မိမိတို့၏သား၊ သမီးများ ပညာသင်ယူမှု အခွင့်အလမ်းရရှိစေရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသို့ မပျက်မကွက် (မပျက်မကွက်) စေလွှတ်ရန်၊

၂။ မိမိတို့၏သား၊ သမီးများကို ကျောင်းမှချမှတ်ထားသည့် စည်းကမ်းများနှင့် လိုက်လျောညီထွေစွာ ပြောဆိုပြုမူကျင့်ကြံနေထိုင်တတ်စေရေး လေ့ကျင့်ပေးရန်၊

၃။ သင်ကြားသင်ယူမှုလုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် ဆရာ၊ မိဘနှင့် ကျောင်းသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

၄။ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးတို့တွင် ကူညီပံ့ပိုးဆောင်ရွက်ရန်၊

၅။ လိုအပ်ချက်များရှိပါက ကျောင်းအုပ်ကြီး၊ ဆရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ မဟာသုမေဓာရာမတောရစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက်ရှိ ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက် ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်နှင့် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မိုးကောင်းကျောင်းတိုက်နှင့် ဒေးဒရဲကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ကိုဗစ်-၁၉လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၇ ဦးနှင့် အမျိုးသမီး ၁၁၅ ဦး စုစုပေါင်း ၂၃၂ ဦးတို့ကို လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ၁၃၆၀၊ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၅၀၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၈၇၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်း မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၄၂၈ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၁၈၈၃၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ချယ်ဆီး တိုက်စစ်ကစားသမား ဇီယက်ကို ဘာစီလိုနာ ခေါ်ယူလို

စပိန်လာလီဂါနာမည်ကြီး ဘာစီလိုနာအသင်းသည် ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းမှ တိုက်စစ်ကစားသမား ဟာကင် ဇီယက်ကို ခေါ်ယူလိုနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ချယ်ဆီးအသင်းကလည်း အဆိုပါ တိုက်စစ်ကစားသမားကို ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ထွက်ခွာခွင့်ပြုဖွယ်ရှိသောကြောင့် အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ်ရှိသည်။

ဇီယက်သည် ယခုနှစ်ရာသီတွင် နည်းပြတူချယ်လက်အောက်၌ ပုံမှန်ပွဲထွက်ခွင့်ပျောက်ဆုံးနေသည့် ကစားသမားတစ်ဦးဖြစ်သည်။ ၎င်းသည် အိုင်းယက်စ်အသင်းမှ ချယ်ဆီးအသင်းသို့ ပြီးခဲ့သည့်နှစ်တွင် ရောက်ရှိလာပြီး ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၀ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသေးသူ ဖြစ်သည်။

ဘာစီလိုနာနည်းပြသစ် ဇာဗီသည် ကစားသမားသစ်များခေါ်ယူကာ အသင်းကို ပြုပြုပြောင်းလဲမှုများစွာပြုလုပ်လိုနေပြီး မန်စီးတီးအသင်းမှ တိုက်စစ်ကစားသမား ရာဟင် စတားလင်းနှင့် ချယ်ဆီးအသင်းမှ တိုက်စစ်ကစားသမား ဟာကင် ဇီယက်တို့ကို ခေါ်ယူရန် ဆန္ဒရှိနေသည်။



ချယ်ဆီးတိုက်စစ်ကစားသမား ဇီယက်။

ချယ်ဆီးအသင်းသည် ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံဖွယ်ရှိပြီး ဇီယက်ကို အပြီးသတ် ဝယ်ယူခွင့်နှင့်အတူ ကနဦးအငှားဖြင့် ထွက်ခွာခွင့်ပြုဖွယ်ရှိသည်။ အသက် ၂၈ နှစ်အရွယ်ရှိ ဇီယက်သည် ယခုနှစ်ရာသီတွင် ပရီမီယာလိဂ် ပွဲစဉ် (၁၁) ပြီးဆုံးချိန်တွင် ချယ်ဆီးအသင်းအတွက် ပွဲထွက်ခွင့်နှစ်ပွဲသာ ရရှိထားသည်။ တိုက်စစ်ကစားသမား ဇီယက်ကို ဘာစီလိုနာအသင်းအပြင် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

ဘာစီလိုနာ အသင်းသည် လာလီဂါပွဲစဉ် (၁၂) အပြီးတွင် သုံးပွဲအထိ ရှုံးပွဲကြုံတွေ့ထားပြီး ငါးပွဲသရေကျကာ လေးပွဲသာ နိုင်ပွဲရရှိထားသည်။ ထို့ကြောင့် ဘာစီလိုနာအသင်းသည် အမှတ်ပေးဇယားတွင် ရမှတ် ၁၇ မှတ်ဖြင့် အဆင့် (၉) နေရာတွင် ရပ်တည်နေပြီး ဦးဆောင်သူ ရီးရဲဆိုစီဒက်အသင်းနှင့် ၁၁ မှတ်အထိ ကွာဟလျက်ရှိနေသည်။ ဘာစီလိုနာအသင်းသည် လာမည့် ပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၀ ရက်တွင် အက်စ်ပန်ညိုအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၈ ရက်က နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုတို့မှ Sodium Chloride Injection ၂၅၄၉၁၀၊ Glucose Injection ၄၀၆၀၈၊ Vitamin C Injection ၂၂၂၀၀၊ Vatamin B12 Injection ၁၂၀၀၀၊Mask ၁၄၁၅၀ Kg တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# စဥ့်ကိုင်၊ တောင်ကြီး၊ ပင်လောင်းနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများနှင့် ခဲယမ်းများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် စဥ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းဟောင်းတွင် အောင်အေးလှိုင်(ခ)ဂျော့ မောင်းနှင်ပြီး ကျော်ကျော်(ခ)ကုလားလေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သသည်။



တာချီလိတ်မြို့နယ်၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် ခဲယမ်းများအား တွေ့ရစဉ်။

ထို့ပြင် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီခွဲတွင် တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက်တွင် စိုင်းသုတဆက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် မော်ဘီ - ကျောက်တလုံးကြီး ကားလမ်းတွင် အမျိုးသားတစ်ဦး (စိစစ်ဆဲ) မောင်းနှင်လာသည့် ဆိုင်ကယ်ကိုစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးပြီး ဆိုင်ကယ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၉၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ညနေပိုင်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်နေ မနန်းစမ်ဖောင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ငွေကျပ် ၁၆၁၀ ဒသမ ၀၆ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၊ အက်တက်ဆီ ဆေးပြား ၃၉၂၀၊ အဆင့်နိမ့်ဘိန်း ၀ ဒသမ ၀၁၅ ကီလို၊ ကျည်မျိုးစုံ ၈၉ တောင့်၊ ကျည်အိမ်တစ်ခုတို့ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

○ *ကျောဖုံးမှ*

ယှဉ်ပြိုင်နိုင်ရန် ရည်ရွယ်ထားပြီး ယင်းပြိုင်ပွဲ ကျင်းပနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အာရှအဆင့်သတ်မှတ်ချက်အရ ထိပ်ဆုံး ၁၀ သင်းစာရင်းဝင်သောကြောင့် ယင်းပြိုင်ပွဲ ကျင်းပဖြစ်ပါက တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရဖွယ်ရှိနေသည်။ မြန်မာအမျိုးသမီးကလပ်များအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိသေးဘဲ အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲ ကျင်းပဖြစ်ပါက မြန်မာအမျိုးသမီးဘောလုံးအဆင့်အတန်း တိုးတက်ရေးကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် အိန္ဒိယကလပ် ဂိုကူလမ်အသင်းတွင် ကာလတိုစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာ မြန်မာအမျိုးသမီး ဘောလုံးသမားများအတွက် ပြည်ပထွက်ကစားနိုင်မည့်အခွင့်အရေး ပေါ်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး ၂၀၁၈-၂၀၁၉ ရာသီအပြီးတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆက်လက်ကျင်းပနိုင်ခြင်းမရှိဘဲ ယခုနှစ်အထိ ရပ်နားထားရသည်။

ရဲရင့်လွင်

PUN HLAING HOSPITALS

First Myanmar Investment Public Company Limited ("FMI") မှ တည်ထောင်ထားသည့် ပန်းလှိုင်ဆေးရုံသည် Sinopharm ထံမှ မှာယူတင်သွင်းသည့် Sinopharm Covid-19 ကာကွယ်ဆေးများ မြန်မာနိုင်ငံသို့ ရောက်ရှိကာ လက်ဝယ်ရရှိပြီဖြစ်ကြောင်းကို ယနေ့တွင် ထုတ်ပြန်ကြေငြာလိုက်ပါသည်။

ယခုကဲ့သို့ Sinopharm ထံမှ မှာယူတင်သွင်းသည့် Sinopharm BIBP (Beijing Institute of Biological Products) Covid-19 ကာကွယ်ဆေးများကို ပုဂ္ဂလိကဆေးရုံမှ တိုက်ရိုက်မှာယူ တင်သွင်းခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပါသည်။ ပန်းလှိုင်ဆေးရုံသည် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (Myanmar FDA)၏ ခွင့်ပြုချက်ဖြင့် Sinopharm ကာကွယ်ဆေးကို တင်သွင်း ထိုးနှံပေးနိုင်သည့် ပထမဆုံးသော ပုဂ္ဂလိက ဆေးရုံဖြစ်လာပါသည်။

မြန်မာနိုင်ငံ၏ Covid-19 အခြေအနေ ကောင်းမွန်လာစေရန် ပန်းလှိုင်ဆေးရုံမှ လုပ်ငန်းလုပ်ကိုင် လည်ပတ်မှုပုံစံပြောင်းလဲခဲ့ပါသည်။ ပန်းလှိုင်ဆေးရုံသည် Covid-19 ကူးစက်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်း၊ ကာကွယ်ထိန်းချုပ်ခြင်းနှင့် ကုသခြင်းတို့ကို လုပ်ဆောင်ပေးနိုင်ရန် အရှိန်အဟုန်မြှင့်တင် ကြိုးစားခဲ့ပါသည်။ ၎င်းသည် Covid-19 ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကုသခြင်းတို့အတွက် မြန်မာနိုင်ငံ၏ (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီထံမှ ခွင့်ပြုချက်ကို ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ရရှိခဲ့သည့် ပထမဆုံးသော ပုဂ္ဂလိကဆေးရုံဖြစ်ပါသည်။

"ပန်းလှိုင်ဆေးရုံသည် ကူးစက်ရောဂါဖြစ်ပွားနေချိန် တလျှောက်လုံးတွင် လူနာများအတွက် မနားမနေ ကျန်းမာရေးဝန်ဆောင်မှုများပေးခဲ့ပြီး ရောဂါရှိလူနာများကို ဘေးကင်းလုံခြုံစွာဖြင့် ကိုင်တွယ်ကုသမှုပေးနိုင်ရန် ဆေးဘက်ဆိုင်ရာ ဆောင်ရွက်ကုသပေးမှုများကို နေ့စဉ်နှင့်အမျှ ပြုလုပ်ခဲ့ပါသည်" ဟု ပန်းလှိုင်ဆေးရုံ၏ Chief Executive Officer ဖြစ်သူ Dr Gershu Paul မှ ပြောကြားပါသည်။

"Covid-19 သည် မြန်မာနိုင်ငံရှိ ပြည်သူများ၏ ဘဝအပေါ် များစွာသက်ရောက်မှု ရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်အတွက်လည်း အခက်အခဲများစွာကို ဖြစ်ပေါ်စေခဲ့ပါသည်။ ယခုကဲ့သို့ ကာကွယ်ဆေး တင်သွင်းခွင့်ရရှိပြီး မြန်မာပြည်သူများကို ကာကွယ်စောင့်ရှောက်ခွင့် ရရှိသည့်အတွက် များစွာဂုဏ်ယူမိပါသည်။ ကျွန်တော်တို့သည် နိုင်ငံအတွင်း နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုများ ပေးစွမ်းရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ဆက်လက်ကြိုးစား ဆောင်ရွက်သွားမှာ ဖြစ်ပါသည်" ဟု FMI ၏ Chief Operating Officer ဖြစ်သူ ဦးထွန်းထွန်းမှ ပြောကြားပါသည်။

လူအဖွဲ့အစည်းနှင့်အတူ Covid-19 ပပျောက်ရေးအတွက် ကြိုးပမ်းရာတွင် ပန်းလှိုင်ဆေးရုံသည် ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့များတွင် ကာကွယ်ဆေးစင်တာ (၄) ခုကို တည်ဆောက်ခဲ့ပြီး ထိုကာကွယ်ဆေးစင်တာများမှ တစ်နေ့လျှင် လူဦးရေပေါင်း ၁၀,၀၀၀ အထိကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ပါသည်။ မြန်မာ-တရုတ် ကုန်သည်ကြီးများအသင်းမှ တင်သွင်းပေးသည့် Sinopharm ကာကွယ်ဆေးများဖြင့်လည်းကောင်း ၊ ကုလသမဂ္ဂဌာနေ အဖွဲ့အစည်းများမှ တင်သွင်းသည့် ကာကွယ်ဆေးများဖြင့်လည်းကောင်း ပန်းလှိုင်ဆေးရုံသည် ယနေ့အချိန်အထိ ကာကွယ်ဆေးပေါင်း အလုံးရေ ၇၀,၀၀၀ ကျော် ထိုးနှံပေးခဲ့ပြီးဖြစ်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပေါင်းတလည်မြို့၊ တောင်ပိုင်းနယ်မြေ၊ ကန်ဦးရပ်ကွက်နေ ကျွန်မမိတ်ဆွေ ဒေါ်သန္တာဇော် ၇/ပမန(နိုင်)၁၀၉၁၂၄၏သား မောင်သော်ဇင်ထွဋ်(ဘ) ဦးမင်းမင်းထွဋ် ၇/ပမန(နိုင်)၁၈၃၆၈၀သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိခင်၏ကောင်းစေ လိုသော စေတနာဖြင့် ပဲ့ပြင်ဆုံးမမှုကို ဆန့်ကျင်၍ မိမိ၏အလိုအလျောက် ပြုလိုရာပြုသွားခဲ့သည့်အတွက် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် မိခင်နှင့် သက်ဆိုင်ခြင်းမရှိကြောင်းနှင့် ၎င်းကိစ္စများကိုလည်း(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၁၁-၁၁-၂၀၂၁ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃) တွင်ပါရှိသည့် ဒေါ်သန္တာအောင် အမည်နေရာတွင် ယခုပါရှိသည့် ဒေါ်သန္တာဇော် အဖြစ်ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါ်သန္တာဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဝင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၆၂)**
**အမှတ်(၈၆)၊ နဝဒေးလမ်း၊ စကားတောင်၊ ပြည်မြို့၊ ဖုန်း-၀၉-၄၃၁၃၁၀၈၁**

## မိခင်အမည်နှင့် မွေးရက်စွဲအမှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မြို့ဟောင်းရွာနေ ဦးမျိုး၏သမီးဖြစ်သူ အထက(ခွဲ) မြို့ဟောင်း၊ တက္ကသိုလ်ဝင်တန်းမှ မနဝရတ်၏မိခင် ဒေါ်ကြူ၏ အမည်မှန်မှာ ဒေါ်ကြူကြူ ၆/လလန(နိုင်)၁၀၅၃၆၁ ဖြစ်ပြီး၊ မနဝရတ်၏ မွေးရက်အမှန်မှာ ၁၅-၆-၂၀၀၃ ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကလောမြို့နယ်၊ ကလောမြို့၊ အမှတ် (၃)ရပ်ကွက်၊ အရှေ့မြို့ပတ်လမ်း၊ ကွင်းအမှတ် (၄၆)၊ ဦးပိုင်အမှတ် (၁၆/၇၁)၊ မြေကွက်အမှတ် (၈၁)၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးပူရန်းထာပါး အမည်ပေါက် နှစ် ၃၀ ဂရန်မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်ပြန်လည်လျှောက်ထားမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးပူရန်းထာပါး ၁၃/ကလန(နိုင်)၀၅၅၆၀၅**
**အမှတ် (၃)ရပ်ကွက်၊ ကလောမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ အောင်ဆန်းနယ်မြေ၊ ရွာသစ်ကုန်းရပ်နေ ကိုကျော်ကျော်ဝင်း ၉/မထလ(နိုင်)၃၄၅၅၀၅ (ဘ)ဦးတင်ဦးသည် မိဘများနှင့် မိသားစုများ၏ ဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိဘများအား စိတ်ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

(ဘ)ဦးတင်ဦး ၇/ထတပ(နိုင်)၀၁၀၄၅၄

(မိ) ဒေါ်နီနီဌေး ၉/မထလ(နိုင်)၀၇၀၇၁၇

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ပျော်ဘွယ်မြို့နယ်တွင် နွားများကိုတိုက်မိကာ ရထားလမ်းချော်တိမ်းမှောက်မှုကြောင့် နှစ်ဦးသေ လေးဦးဒဏ်ရာရ

**ပျော်ဘွယ် နိုဝင်ဘာ ၁၈**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် မင်းလမ်းကျေးရွာအုပ်စု ကျောင်းကုန်းကျေးရွာအနီးတွင် နိုဝင်ဘာ ၁၇ ရက် ညနေ ၆ နာရီခန့်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့မောင်းနှင်လာသည့် ကျောက်တင်မီးရထားသည် မိုင်တိုင်အမှတ်(၂၈၅) တံတားအမှတ် (၅၂၉) တွင် ရထားသံလမ်းပေါ်သို့ ရောက်ရှိနေသည့် နွားများကိုတိုက်မိကာ ရထားစက်ခေါင်း တံတားအောက်သို့ထိုးကျခြင်း၊ စက်ခေါင်းနောက်နှစ်တွဲမှာ တိမ်းမှောက်ခြင်း၊ ၎င်းနောက် နှစ်တွဲမှာ လမ်းချော်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ရထားစက်ခေါင်းအမှတ် (၃၅၁)BE ကျောက်တင်ရထားမောင်းနှင်သူ တစ်ဦးနှင့် စက်ပြင်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း၊ ကျန်ရထားဝန်ထမ်းလေးဦးမှာ ဒဏ်ရာများရရှိခဲ့ခြင်းကြောင့် နေပြည်တော်နှင့် ပျော်ဘွယ်ဆေးရုံတို့သို့ ဆေးကုသမှုခံယူနိုင်ရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ရထားတိမ်းမှောက်မှုဖြစ်စဉ်ကြောင့် နယ်မြေခံတပ်မှ တပ်မတော် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ရထားဝန်ထမ်းများကလည်း ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းမင်းထွေး
(ပျော်ဘွယ်)



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီးအမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် တန်ခိုးကြီးဘုရားများနှင့် စေတီများသို့ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညို



ရွှေတိဂုံစေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား ဂေါပကအဖွဲ့ဝင်များက ရွှေကြာသင်္ကန်းကပ်လှူပူဇော်စဉ်။

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော် အာရုံခံမုခ်ဦးလေးခုရှိ ကကုသန္ဓရုပ်ပွားတော်၊ ကောဏာဂမနရုပ်ပွားတော်၊ ကဿပရုပ်ပွားတော်၊ ဂေါတမရုပ်ပွားတော်နှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်တို့ကို ရွှေကြာသင်္ကန်းကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများက ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ကုသိုလ်အစုစုတို့အား အမျှပေးဝေခြင်း၊ အရပ်ဆယ်မျက်နှာမေတ္တာပို့ခြင်းတို့ကို ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻

## မြန်မာကလပ် ယှဉ်ပြိုင်ခွင့်ရမည့် အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲ ကျင်းပရန်စီစဉ်

**ရန်ကုန် နိုဝင်ဘာ ၁၈**

အာရှဘောလုံးအဖွဲ့ချုပ်သည် ဒေသတွင်း အမျိုးသမီးဘောလုံးအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြိုင်ပွဲတစ်ခု ကျင်းပရန် စီစဉ်လျက်ရှိပြီး အာရှချန်ပီယံလိဂ် အမျိုးသမီးပြိုင်ပွဲ ပြုလုပ်သွားမည်ဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် အမျိုးသားကလပ်များကဲ့သို့ အမျိုးသမီးဘောလုံးကလပ်များအတွက် အာရှဒေသတွင်း အဆင့်မြင့်ဆုံး ကလပ်ပြိုင်ပွဲတစ်ခုကျင်းပရန် ကြိုးပမ်းနေခြင်းဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။ အာရှဒေသတွင်းမှ အမျိုးသမီးဘောလုံးအသင်းများ ဖွဲ့စည်းထားသည့်နိုင်ငံများမှ ကလပ်များ ဝင်ရောက်

*စာမျက်နှာ ၂၈ ကော်လံ ၁* ❍

## အကြမ်းဖက်အဖွဲ့များ၏ အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခြင်းကြောင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၉၈ ဦးခန့် သေဆုံး၊ ၁၄၈ ဦးခန့် ဒဏ်ရာရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ NUG၊ PDF စသည့် အဖွဲ့အစည်းများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များအား အကောင်ထည်ဖော် ဆောင်ရွက်ခြင်း မပြုနိုင်စေရန်၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန်နှင့် ပြည်သူလူထုအား အကြောက်တရားလွှမ်းမိုးစေရန်အတွက် မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များမှ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအား အကြောင်းအမျိုးမျိုးပြ၍ နည်းလမ်းမျိုးစုံ အသုံးပြုကာ ရက်ရက်စက်စက်

*စာမျက်နှာ ၁၇ ကော်လံ ၁* ❄

## မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်ထား


**နေပြည်တော် နိုဝင်ဘာ ၁၈**

ယနေ့မြန်မာစံတော်ချိန် (၁၂:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်းကမ်းလွန် - အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့ကာ

*စာမျက်နှာ ၂၅ ကော်လံ ၁* ❖

**ယနေ့** *သ တင်း အ ညွှန်း*

### အစာစားလျှင် ဉာဏ်နှင့်ယှဉ်၊ သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာ




ဆောင်းပါး၊ စာ - ၈

### ကာကွယ်ဆေးမထိုးထားတဲ့ သန်းနဲ့ချီတဲ့ ပြည်သူတွေကို အလုံပိတ်ကန့်သတ် ပိတ်ဆို့လိုက်တဲ့ ဩစတြီးယား

နိုင်ငံတကာရေးရာ၊ စာ - ၁၄

### နိုဝင်ဘာ ၁၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၈၇ ဦး တွေ့ရှိ

ပြည်တွင်းသတင်း၊ စာ - ၁၅